မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၁) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ၊ ၂၅-၁၀-၂၀၂၆၊ တနင်္ဂနွေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအဓမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)





ဒုတိယသမ္မတ ဦးညီညီစော ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထရက် ယှဉ်ပြိုင်နေမှုများကို ဒုတိယသမ္မတ ဦးညီစော တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၄

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထရက် ယှဉ်ပြိုင်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစောသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ သို့ ★

အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃ သို့ ○

ယနေ့ ဖတ်စရာ အညွှန်း

မြန်မာ-အိန္ဒိယ ဖွဲ့နဆီထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်း

စာမျက်နှာ ၁၃

ပိတိ မိုးကောင်းကင် (ဆောင်းပါး)

စာမျက်နှာ ၁၄

သီတင်းကျွတ်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း အများပြည်သူတို့ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေစွာ ခရီးသွားလာနိုင်ရေး မြို့ကြီးများတွင် ဆီတင်ယာဉ်များကို အရန်သင့်ထားရှိ

နေပြည်တော် အောက်တိုဘာ ၂၄

သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလ အတွင်း အများပြည်သူတို့ အဆင်ပြေ ချောမွေ့စွာနှင့် စိတ်ချမ်းမြေစွာ အခက်အခဲမရှိ ခရီးသွားလာနိုင်ရေး အတွက် ခရီးသွားလာမှုများပြားသည့် လမ်းကြောင်းများပေါ်ရှိ မြို့ကြီးများတွင် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများကြိုတင်ထားရှိပြီးဖြစ်သည်။

စာမျက်နှာ ၄ သို့ ✣



သီတင်းကျွတ်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း အများပြည်သူတို့ ခရီးသွားလာနေမှု မှတ်တမ်းဓာတ်ပုံ။

ဝါစိုက်ခင်းများ အောင်မြင်

ကျောက်ဆည် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကြီးကျေးရွာ၌ စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဝါစိုက်တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူတို့က အရည်အသွေးမြင့်မား၍ အထွက်နှုန်းတိုးတက်ကောင်းမွန်သည့် ရေမြေဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် ချည်မျှင်ရှည်ဝါမျိုးများဖြစ်သည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများကို ရွေးချယ်စိုက်ပျိုးရေးကူညီပေးလျက်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်ရေး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ချည်မျှင်ရှည်ဝါများကို ပေါင်လောင်ကြီး၊ တောင်တော်၊ ကင်း၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲကျေးရွာအုပ်စုများနှင့် ရဲဘော်ကြီးကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြပြီး ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ၁၀၂၇ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထက်ထက်(ကျောက်ဆည်)



မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၄

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိုပိစိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိုပိစိပ် မိုးထစ်ချန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ ၈လ

○-○-○-○-○

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၂၅ ရက် ၊ တနင်္ဂနွေနေ့။

မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ်ရရှိ

မြန်မာ့ပေါ်ဆန်း၏ မူရင်းဒေသသည် ဧရာဝတီတိုင်းဒေသကြီး ဖြစ်ပြီး ၁၉၄၄ ခုနှစ်က မြောင်းမြစိုက်ပျိုးရေးခြံတွင် မျိုးရေးချယ်စိုက်ပျိုးမွေးမြူသည့် နည်းစနစ်ဖြင့် ပေါ်ဆန်းမွေးမျိုးကို စတင်မွေးမြူခဲ့ခြင်းဖြစ်သဖြင့် နှစ်ပေါင်း ၈၀ ကျော်ကြာ သမိုင်းကြောင်းရှိလာပြီဖြစ်သည်။ နောက်ပိုင်းတွင် ဒေသအလိုက် မျိုးကွဲများ ဖြစ်ထွန်းလာခဲ့ပြီး မြောင်းမြ၊ ဖျာပုံ၊ ပုသိမ်၊ ရေကြည်နှင့် ချွတ်ပေါ်ဆန်းတို့သည် ထူးခြားသည့် အရသာနှင့် မွှေးရနံ့တို့ကြောင့် လူသိများလာကြသည်။

ဖိလစ်ပိုင်နိုင်ငံမနီလာမြို့၌ ကျင်းပခဲ့သည့် နိုင်ငံတကာ ဆန်စပါးညီလာခံတွင် မြန်မာ့ပေါ်ဆန်းမွေးဆန်သည် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (Worlds Best Rice-2026) ကို ဒုတိယအကြိမ်ဆွတ်ခူးရရှိခဲ့ခြင်းသည် တစ်နိုင်ငံလုံး အတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု Worlds Best Rice -2026 ရ မြန်မာပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်သည်။

နိုင်ငံတော်သမ္မတကအဖွင့်အမှာ စကားပြောကြားရာတွင် မိမိတို့ နိုင်ငံသည် ရေးနှစ်ပေါင်းထောင်ချီကတည်းက စပါးစိုက်ပျိုးထုတ်လုပ်လာခဲ့သည့် သမိုင်းကြောင်းရှိပြီး စပါးမျိုးဇီဇအေရင်းအမြစ် ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ပေါ်ဆန်းမွေး၊ ငကွဲစသည့် မွှေးရနံ့နှင့် စားသုံးမှုအရည်အသွေး ကောင်းမွန်သည့် စပါးမျိုးကွဲများကို ပိုင်ဆိုင်ထားခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအမွေ အနှစ်စစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်စပါးစျေးကွက်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတကာတွင် ဂျပန်နိုင်ငံ၏ အရည်အသွေးမြင့်ဆန်များ၊ ထိုင်းနိုင်ငံ၏ Hom Mali ဆန်၊ အိန္ဒိယနိုင်ငံ၏ Basmati ဆန်နှင့် ဗီယက်နမ်နိုင်ငံ၏ ST25 တို့သည် သက်ဆိုင်ရာနိုင်ငံ၏ ထူးခြားသည့် ဆန်အမျိုးအစားများအဖြစ် အသိအမှတ်ပြုခံရပြီး ဈေးကွက်တန်ဖိုးတစ်ရပ်ကို တည်ဆောက်ထားနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့ပေါ်ဆန်းသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင်သည့် အမျိုးသားဆေး့ အရည်အသွေးမြင့်ထုတ်ကုန်တစ်ခု (National Brand) ဖြစ်လာစေရန် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်သွားရောက်ခဲ့သည့် (ရုရှား၊ တရုတ်၊ ဗီယက်နမ်)နိုင်ငံခြားခရီးစဉ်များ၌လည်း နှစ်နိုင်ငံစီးပွားရေးဖိုရမ်များတွင် အခွင့်အရေးကြုံသည့် အခါများတွင် မြန်မာ့ပေါ်ဆန်း ဆန်အကြောင်း တန်ဖိုးမြှင့်ဖော်ထုတ်ပေးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ရေးယခင်ကတည်းက ဆန်စပါး ထုတ် လုပ်တင်ပို့မှုတွင် ထင်ရှားခဲ့ပြီး အာရှတိုက်၏ ဆန်အိုးကြီး ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ ၂၀၂၅ ခုနှစ် ဧပြီစပါးရာသီတွင် တစ်နိုင်ငံလုံးပေါ်ဆန်းစပါး ၈က ၁ ဒသမ ၃ သန်းခန့် စိုက်ပျိုးခဲ့ပြီး တင်ပေါင်း ၇၈ သန်းကျော် ထွက်ရှိခဲ့သည်ဟုသိရရကြောင်း၊ အရည်အသွေးမြင့်ပေါ်ဆန်းဆန်များကို Premium Rice အဖြစ် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများအတွက်လည်း ထိုက်တန်သည့် ဈေးနှုန်း နှင့် ဝင်ငွေရရှိစေနိုင်မည် ဖြစ်ကြောင်း၊ ယခုအောင်မြင်မှု၏ အဓိက မောင်းနှင်အားသည် လယ်ကွင်းထဲ၌ ကြိုးစားစိုက်ပျိုးခဲ့ကြသည့် တောင်သူလယ်သမားကြီးများ၏ လုပ်အားနှင့် စေတနာများကြောင့် ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်တောင်သူဦးကြီးများအားလုံးကို အထူး ဂုဏ်ပြုခြီးကျူးလိုကြောင်း၊ ယခုရရှိခဲ့သည့်ဆုသည် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ရန် လိုကြောင်း ပြောကြားခဲ့သည်။

မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ် ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

သီတင်းကျွတ်ကာလတွင် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲများနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများ ကျင်းပသွားမည်

စဉ်ကူး အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ်ကူးမြို့၌ သီတင်းကျွတ်ကာလတွင် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲများနှင့် ဆီမီးထွန်း ညှိပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွား မည်ဖြစ်ကြောင်း သိရသည်။

ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်း မှစ၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နေ့အထိ ဝတ်ရွတ်အသင်း (၂၃)သင်းတို့က ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး ဆုရရှိသည့် အသင်းများအား ဆုများထိုက်တန်စွာ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကာ သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းတွင် စဉ်ကူးမြို့အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင် ရွှေမုဋ္ဌောဘုရား၌ ဆီမီး(၁၀၀၀)ထွန်းညှိပူဇော်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲများနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများ ကျင်းပနိုင်ရေးအတွက် စဉ်ကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဘုရားဝေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက အားကြိုးမာန်တက် ပူးပေါင်းစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်စောလွင်(ပြန်/ဆက်)**

ပြည်သူ့စကားဝိုင်း(PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၄

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ပဉ္စသုခမဂ္ဂာရုံ၌ ယနေ့ နံနက် ၉ နာရီက "ဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းတို့က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့် မြင့် သန်းက "ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်း ပြောကြားခဲ့သည်။ ယင်းနောက် မန္တလေးတိုင်း ဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလွင်၊ ပြည်ကြီးတံခွန်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံမင်းမိုး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးကျော်စိုး၊ မြို့နယ်ပညာရေးမှူးရုံးမှ ဦးဝင်းကြိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နော်မြတ်မိုးဦး၊ မြို့နယ်လျှပ်စစ် မန်နေဂျာရုံးမှ ဦးစိုးမြင့်တို့က မိမိတို့ဌာန အလိုက် လုပ်ငန်းကဏ္ဍ ဆောင်ရွက်နေမှုများ ရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများကလည်း မိမိတို့ သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြရာ ဆွေးနွေးပွဲမှ တာဝန်ရှိသူများက ပြန်လည် ဖြေကြား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

o–o–o–o–o

o–o–o

ဝါလကင်းလွတ် သီတင်းကျွတ်အသိပညာပေး Talk Show ဆောင်ရွက်

သရက် အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဝါလကင်းလွတ် သီတင်းကျွတ် အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီအချိန်က သရက်ခရိုင်၊ ပြည်သူ့စာကြည့်တိုက်၊ Community Centre ခန်းမတွင် ကျင်းပပြုလုပ်သည်။

အဆိုပါ Talk Show တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများ၊ Book Club အဖွဲ့မှ စာရေးဆရာ မင်းသိန်း(သရက်)၊ ဦးမြင့်သိန်း(ပညာရေးဦးမှူး)နှင့် ဦးမြင့်ဆွေ(ပညာရေးဦးမှူး)တို့က ဝါလကင်းလွတ် သီတင်းကျွတ်ကာလအကြောင်းနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးကြရာတွင် မြန်မာတို့ရဲ့ဆယ့်နှစ်လရာသီမှာ အထူးမြတ်ဆုံးလဖြစ်တဲ့ သီတင်းကျွတ်လအကြောင်းကို မိတ်ဆက်ပြောကြားခြင်း၊ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့လို့ ခေါ်ဆိုရခြင်းအကြောင်း၊ အဘိဓမ္မာတရားဟာ အဓိကျေးဇူးဆပ်တရားလို့ ဘာကြောင့် ခေါ်ဆိုရတာလဲ၊ အဘိဓမ္မာတရားဟောကြားနည်းများ၊ သီတင်းကျွတ်မှာ မီးမြင့်မိုရ်ပွဲ ဆင်နွှဲကြပုံ၊ ယဉ်ကျေးမှုလေ့ထုံးစံဖြစ်ပေါ်လာပုံများနှင့် မြတ်စွာဘုရားက ဝေနေယျသတ္တဝါတို့ကို လမ်းမှန်၊ လမ်းကောင်းများ ပြသခဲ့တဲ့ သီတင်းကျွတ်လရဲ့ အထွတ်အမြတ်ထားပူဇော်အပ်ပုံတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မောင်လှလင်(သရက်)**

o–o–o–o–o

သုတဓမ္မစာမေးပွဲအောင်မြင်ကြသည့် သင်တန်းသူ၊ သင်တန်းသားများအား ဆုပေးပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၄

ဓမ္မအလင်းတန်း(Light of the Dhamma) သုတဓမ္မစာမေးပွဲ အောင်မြင်ကြသည့် သင်တန်းသူ၊ သင်တန်းသားများအား ပထမအကြိမ် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းတည့်(၁၂)နာရီက မန္တလေး အောင်မြေဘစံမြို့နယ်၊ ၆၂လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ ဂျပ်ဖြိုယာရာမရွှေဂူတိုက်တွင် ကျင်းပရာ ဂျပ်ဖြိုယာရာမရွှေဂူတိုက်ပဓာန နာယကဆရာတော်ဦးအရိယ အမှူးပြုသောဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သင်တန်းသား၊ သင်တန်းသူများ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ဆရာတော်သံဃာတော်များနှင့် တက်ရောက် လာကြသူများက "နမောတဿ" သုံးကြိမ်ရွတ်ဆိုဂုရား ကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သုတဓမ္မဒီပလိမာ ဆုရသင်တန်းသူ၊ သင်တန်းသားများက သင်္ကန်း အစရှိသော လျှာဘွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုဋ္ဌေများဆက်ကပ် လှူဒါန်း၍ ဓမ္မအလင်းတန်းသင်တန်းမှူး ဆရာတော်ရွှေဂူတိုက်ဂဏဝါစကအရှင်ဣန္ဒဝံသက ဆုပေးပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်း ပြောကြားပြီး ပဓာနနာယကဆရာတော်ထံမှ ဩဝါဒကထာနှင့်ရေစက် ချတရားနာယူကြည်ညိုကြကာ သုတဓမ္မစာမေးပွဲတွင် သုတဓမ္မဒီပလိမာ Level (1)၊ Level (2)နှင့် Level (3) တို့တွင်အောင်မြင်ခဲ့ကြသည့်သင်တန်းသား၊ သင်တန်းသူများအား ပထမအကြိမ်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/ဓန.စဉ်၊ ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ ရွှေဖုံးမှ

ဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသမီး ကဗျာလွတ်အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၏ လှပသေသပ်လှသည့် မြန်မာ့ရိုးရာကကွက်၊ ဟန်ပန်အမူအရာများကို ပိုင်နိုင်သွက်လက်တက်ကြွစွာဖြင့် ကပြယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသားပြတိုက် (နေပြည်တော်)၌ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ပတ္တလား အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များက ထိပ်တင်ဇော်(ဝတ်တော်သိမ်း) သီချင်းဖြင့် တစ်ဦးချင်း တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များက ကြောက်ဖွယ် ဘုန်းတန်း (ကြိုး) သီချင်းဖြင့် တစ်ဦးချင်း တီးခတ်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ယဉ်ကျေးမှုရုတခရာခန်းမ၌ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံအဖြင့်သဘင အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ် လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှု အနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဦးတည် ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

နေပြည်တော်ကိုဗစ်ဟိုပြ၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊မွေးမြူရေးကို အခြေခံ၍စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့ သိလဝခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းခရိုင်၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ချက်များ ပေါ်ပေါက်ပြည့်နှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေပြင်မှ တင်ပြသည့် ကိန်းဂဏာန်းအချက်အလက်များသည် မှန်ကန်တိကျမှုရှိရန် အထူးပင်အရေးကြီးကြောင်း၊ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးနှင့် သီးနှံအထွက်နှုန်းစာရင်းများကို မြေပြင်အခြေအနေမှန် အတိုင်း တိကျမှန်ကန်စွာ ကောက်ယူတင်ပြရန်လိုအပ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည်တို့ကို စနစ်တကျဆောင်ရွက်၍ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ကေတိုးချဲ့ခြင်းမှာ မူဝါဒမဟုတ်ဘဲ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးမှာ မူဝါဒဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ရမည်းသင်းခရိုင်တွင် စပျစ်စိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတွင် သီးထပ်များ စိုက်ပျိုးသွားရန်နှင့် အနုသုံးဆုံး နှစ်သီး စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်ပြီး ပို့ကုန်များ တိုးတက်လာစေရေးအတွက် မြေများကို စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ၌ အကျိုးရှိရှိအသုံးချရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသတွင်း ဖူလုံမှုရှိအောင် ဦးစွာဆောင်ရွက်ပြီးပါက ပိုလျှံလျှင် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရရှိရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေသည့် ဒေသများနှင့် စက်ရုံများကို ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး ကျေးလက်စီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို တိုးချဲ့မွေးမြူပြီး ကြက်သား၊ ကြက်ဥ၊ အေးခဲအသားများ ထုတ်လုပ်ခြင်းစသည့် MSME လုပ်ငန်းများကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နို့နှင့် နို့ဆီ/နို့စိမ်း၊ နို့ထွက်ပစ္စည်းများ ပြည်တွင်းဖူလုံမှုရှိစေရေး အတွက် ရမည်းသင်းခရိုင်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဝါအခြေခံ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရာတွင် ပြည်သူများ အသိပညာပေးခြင်းနှင့် စည်းရုံးလှုပ်ရှား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေလောက်မှုရှိစေရန် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေကန်များအတွင်း ရေကြည်တင်ဖြည့်တင်းခြင်း လုပ်ငန်းများနှင့် ရေအရင်းအမြစ် ရေရှည်စီမံခန့်ခွဲမှုများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များ၊ ခရိုင်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျနှင့် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ကင်းတာကျေးရွာ ဒေါက်တာမြတ်စံ၏ ဧဝဂ မွေးမြူရေးဒိုသို့ သွားရောက်၍ ဥစားကြက်ကောင်ရေ ၇၀၀၀၀ နှင့် နို့စားနွားကောင်ရေ ၁၀၃ ကောင် မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာနှင့် နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒေသတွင်းစားနပ်ရိက္ခာဖူလုံ၍ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရေးနှင့် ဒေသထွက်ထုတ်ကုန်များကို အခြားဒေသများသို့ တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ဒေသထွက်စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာသုံးစွဲနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်သာယာရပ်ကွက် ဦးဇော်ဇော်ဝင်း၏ မောနင်းစတား ဓာတ်မြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာ ထုတ်လုပ်သည့် လုပ်ငန်းသို့ သွားရောက်၍ သီးနှံအမျိုးအစားအလိုက် အသုံးပြုနိုင်သည့် ဓာတ်မြေဩဇာအဆင့်ဆင့် ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချရာနှင့် ပြင်ဆင်နေမှုအခြေအနေကို လည်းကောင်း၊ ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ ဦးစောတင်ထွဋ်၏ ရွှေငါး ပျော်ဘွယ်မုန့်ကြပ်လုပ်ငန်း ခွင်သို့ သွားရောက်၍ မုန့်ကြပ်လုပ်ငန်း ထုတ်လုပ်ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်ကျေးရွာ ဒေါ်လှလှနိုင်၏ တိုးပွားကြီး ဝါကြိတ်စက်လုပ်ငန်းသို့ သွားရောက်၍ ဝါကြိတ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အင်ကြင်းကန်ကျေးရွာအုပ်စု ကတင်ကန် အမှတ် (၃) မြောင်းမှ ရေတိုးမြှင့်ပေးဝေနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကတင်ကန်ဆည်ရေသောက်ဧရိယာအတွင်း ထပ်မံတိုးမြှင့်စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေများနှင့် ရမည်းသင်းခရိုင်အတွင်း ဆည်/ကန်များမှ ရေရရှိရေးဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများကို တင်ပြကြရာပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာရှိ တောင်သူ ဦးခင်မောင်ထွေး၏ မိုးစပါး မျိုးစေ့ထုတ်စိုပြက်ကို သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ရာသီအလိုက် သဘာဝဘေး အန္တရာယ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မား၍ မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေးလုပ်လောက်စွာရရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရေးနှင့် ရေအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ရွာတန်းသဲကျွန်းကျေးရွာအုပ်စု ဒေါ်မွယ်နီထွန်း၏ စပျစ်ခြံလုပ်ငန်းနှင့် ဦးအုန်းမြင့်၏ Amber အမှတ်တံဆိပ် စပျစ်ပိုင် ထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက အရည်အသွေးမီ မျိုးကောင်း မျိုးသန့်စပျစ်မျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ ပိုင်ထုတ်ကုန်များအား one region one product ထုတ်ကုန်များအဖြစ် တိုးတက်အောင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ထုတ်လုပ်မှုနည်းပညာနှင့် စံချိန်စံညွှန်းအဆင့်မြင့်တင်ရေး၊ ပြည်တွင်း ပြည်ပ ဈေးကွက်ချဲ့ထွင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြင်းနားကျေးရွာအုပ်စု တောင်သူဦးသိန်းအောင်၏ ဝါစိုက်ခင်းသို့ ရောက်ရှိစဉ် ဝါစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာ စိုက်ပျိုးရေး၊ ဝါမျိုးစေ့ထုတ်လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ပြီး မျိုးကွဲများ မရောနှောစေရေးနှင့် ဝါစိုက်တောင်သူများ ဈေးကွက်ခိုင်မာစေရန်နှင့် စက်ရုံများအတွက် အရည်အသွေးမီကုန်ကြမ်းရရှိစေရန် ပေါင်းစပ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျီးနီကန်အတွင်းသို့ ရောင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် လုံလောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆည်တိုကျေးရွာ ဒေါက်တာကျူခင်၏ နွားမွေးမြူရေးဒိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ အားကောင်းသောလေဖိအား မှ

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၅ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း-အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၃၀)မှ ဗိုလ်လောင်းများ နေပြည်တော်အတွင်း လေ့လာရေးခရီးသွားရောက်

နေပြည်တော် အောက်တိုဘာ ၂၄

ခေတ်ကာလအဆက်ဆက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့် တပ်မတော်သားများမှ အနာဂတ်၏စစ်ခေါင်းဆောင်များ ဖြစ်လာကြမည့် ဗိုလ်လောင်းများအနေဖြင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များရှိစေရန်၊ သူရဲကောင်းများ၏ ရဲရင့်ပြတ်သားမှုကို အတုယူ၍ တပ်မတော်၏ သမိုင်းကြောင်း အစဉ်အလာကောင်းများကို လက်တွေ့ကျကျသင်ခန်းစာယူနိုင်စေရန်၊ ဘုရားစေတီပုထိုးများ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ လေ့လာဖူးမြော်ခြင်းဖြင့် အမျိုးဘာသာ၊ သာသနာနှင့် အမျိုးသားယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ် ရင်သန်ထက်မြက်စေရန်၊ မိမိတို့နိုင်ငံလူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဂုဏ်ယူတတ်စေရန်နှင့် ဒေသန္တရဆိုင်ရာ ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၃၀)မှ ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများ လိုက်ပါ၍ အောက်တိုဘာ ၂၃ ရက်မှ ယနေ့အထိ နေပြည်တော်ကောင်စီနယ်မြေ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြကာ တန်ခိုးကြီးဘုရားစေတီတော်များအား လေ့လာဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ဗိုလ်လောင်းများသည် အောက်တိုဘာ ၂၃ ရက်တွင် ဥပုဒ်တာသန့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကန်တော့ကြပြီး ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့ပြင် ဆင်ဖြူတော်ဆောင်သို့ သွားရောက်၍ ရတနာဆင်ဖြူတော်များကို ဆင်စာများကျွေးကာ ကုသိုလ်ယူကြသည်။ ထို့နောက် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားစွာ အသက်ကိုပင် ပေးဆပ်ခဲ့ကြသည့် အမွှန်မြတ်ဆုံးတုန်ရှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ဘည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သော သူရဲကောင်းဗိမာန် (နေပြည်တော်) သို့ သွားရောက်လေ့လာဂါရဝပြုခဲ့ကြသည်။ ထို့နောက် နက္ခတ်တာရာပြခန်း (နေပြည်တော်) သို့ သွားရောက်လည်ပတ်လေ့လာကြည့်ရှုကြသည်။

ဆက်လက်ပြီး တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်၍ မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် မှအစပြု၍ ခေတ်အဆက်ဆက် တပ်မတော်တွင် အသုံးပြုခဲ့သော စစ်ဝတ်တန်ဆာပလာ အသုံးအဆောင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ပြခန်းဆောင်များ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်း၊ ပြကွက်များအလိုက် ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ သိရှိလိုသည့်မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားသည်။

အလားတူ ယနေ့တွင်လည်း ဒကို့ဏာသိရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြရာ ဂေါပကများနှင့် တာဝန်ရှိသူများက ဘုရားကြီး၏သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဒိဗာနန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုခမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ္တာသတ္တာဟမဟာဗောဓိစေတီတော် ဗုဒ္ဓဂယာ (နေပြည်တော်) သံဝေဇနီယလေဒ္ဒာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များကို သွားရောက်လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ (၁၀၀)



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ လေ့လာရေးသွားရောက်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်ထံမှ ဩဝါဒခံယူရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၈)မှ ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူ ၁၈၁ ဦးတို့သည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ပြုလုပ်ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ တေးသီချင်းအဆိုပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ သီတင်းကျွတ်ပွဲတော်မှ

အများပြည်သူတို့အနေဖြင့် စက်သုံးဆီများကို သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် ဝယ်ယူနိုင်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ပွင့်ဖြူမြို့နယ် ကျွန်းပင်စင်ကျေးရွာ၌ (RBF)စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒီးကိုင်းကျေးရွာအုပ်စု၊ ကျွန်းပင်စင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က စီမံကိန်းရန်ပုံငွေများကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျွန်းပင်စင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းရှင်အဖွဲ့(၄)ဖွဲ့အတွက် စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ အား တာဝန်ရှိသူများထံ ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

o–o–o–o–o

အယ်လ်နီညိုရာသီဥတုကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

မြို့သစ် အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အချက်များ၊ အပူဒဏ်ကာကွယ်ရေးဆိုင်ရာလိုက်နာရမည့် အချက်များကို ပြည်သူများသိရှိနိုင်ရန်အတွက် အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်-မြို့သစ်-ကံပြားလမ်းဆုံ၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ အယ်လ်နီညိုကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်-မြို့သစ်- ကံပြားလမ်းဆုံရှိ ခရီးသွားပြည်သူများ၊ သုံးဘီးယာဉ်မောင်းသူများ၊ လမ်းသွားလမ်းလာပြည်သူများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆို ပါ အယ် လ် နီ ညို ရာသီဥတုကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင် များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ် အမျိုးအစားများ၊ မီးသတ်မူရေးအကြောင်းအရာများ၊ အပူဒဏ်ကာကွယ်ရေးဆိုင်ရာ သတိပြုလိုက်နာရမည့် အချက်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာ ဝန်ထမ်းများက အသိပညာပေးဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိန္ဒနံ(ဖြန်/ဆက်)

o–o–o–o–o



၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "အမျိုးဂုဏ်၊ ဓာတိဂုဏ်မြှင့်တင်ရေး"တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အနာဂတ်ပန်း" ညွှန့်ဝင်း + အေဝမ်းတင်တင်လှ သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လှပတဲ့ အနာဂတ်ဆီသို့" မေဆွိ သီချင်းဖြင့် လည်းကောင်း မျိုးချစ်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဓာတိဂုဏ်တို့ကို နိုးကြားရှင်သန်စေပြီး နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားစိတ်များ ပိုမိုခိုင်မာလာစေနိုင်သည့် သီဆိုဟန်များဖြင့် စိတ်အားထက်သန်စွာ ယှဉ်ပြိုင်သီဆိုကြသည်။

"ကဗျာလွတ်" အကပြိုင်ပွဲကို နေပြည်တော် တည်ခိုရေးစခန်းဆင်ဖြူရွှင်ခန်းမ၌ ကျင်းပရာ



အမျိုးဂုဏ်၊ ဓာတိဂုဏ်မြှင့်တင်ရေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသျှန်ပွန်းဖြူ ယှဉ်ပြိုင်စဉ်။



ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ဝေ(ခ)မောင်နိုင်ထူး ယှဉ်ပြိုင်စဉ်။



ကဗျာလွတ်အကပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ကပြယှဉ်ပြိုင်စဉ်။

အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကို ပြသ၍ လည်းကောင်း၊ "ကချင်တိုင်းရင်းသား ရိုးရာအက" အလွတ်တန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အကလှုပ်ရှားမှုများမှတစ်ဆင့် ကချင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် စုပေါင်းညီညွတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေသည့် ရိုးရာအကပညာ၏ အနှစ်သာရကို ပေါ်လွင်အောင် ပြသ၍ လည်းကောင်း ယှဉ်ပြိုင်ကပြကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာ ခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓလေ့ဓလေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မွေးမေမေ" ခေါင်းစဉ်ဖြင့်လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူး ယှဉ်ပြိုင်ကြသည်။

"စောင်း"အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၁ ရှိ နီလာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝိဇ္ဇာ တောလား" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား/ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရီ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း စောင်းအတီးပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်ပြသ၍ သံစဉ်အတက်အကျနှင့် အနိမ့်အမြင့်တို့ကို စည်းချက်ညီညီ ပေါင်းစပ်ဖော်ကျူးကာ မိမိတို့၏ အနုပညာစွမ်းရည်နှင့် တီးခတ်မှုပညာရပ်များကို ဖော်ထုတ်တင်ဆက် ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၆ သို့ ❖



အရေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက ယှဉ်ပြိုင်စဉ်။



စောင်းအတီး အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မယွန်းမြတ်အိမ် ယှဉ်ပြိုင်စဉ်။



ဆိုင်းဝိုင်းကြီး တစ်ဦးချင်းအတီး အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မချစ်ခွန်းချို ယှဉ်ပြိုင်စဉ်။



ဒိုးပတ်အတီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစန်းကြိုင်(ခ) လမင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အိုးစည်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဦးဗိုလ်ထွားနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

❖ စာမျက်နှာ ၅ မှ

ဆိုင်းဝိုင်းကြီး တစ်ဖွဲ့ချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်မင်းရာဓာဝန်မင်္ဂ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကြောက်ဖွယ်ဘုန်းတန်း” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တာသစ်ကယ်လေကူး” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြမန်းဂီရိ” (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ထူးခြားလှသောသံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မှုတမူနှင့် တီးခတ်မှုအနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ပြသကြသည်။

ပတ္တလားပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထိပ်တင်ဇကံ” (ဝတ်တော်သိမ်း) သီချင်းဖြင့် ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

အိုးစည် အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဓာတ်ရုံ၌ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင် အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြားကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒုံမင်း အတီးပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ပုဇွဲသိရိတပ်နယ်ခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆိုင်းတင်ဇကံ” (ကလပေါ်) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။



ဓာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “ဝိဓူရ” ဓာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ကောင်းစစ်ဟိန်းဓာတ်သဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

ထို့နောက် မယ်ဒလင်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အန္တရာယ်ကင်း” ဂီတဦးစီမံးမောင် သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မုန်ညောင်သစ္စာ” ခင်ခင်ညွှန့် သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝေဖယန်နှင့် နန်းငြား” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မေတ္တာဖြန်းမှလန်းဆန်းမယ်” (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း တီးခတ်မှုစွမ်းရည်နှင့် အနုပညာ ဖန်တီးနိုင်စွမ်းတို့ကို အဓွန်းကုန်ပြသ ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရုတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင် အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “သုဝဏ္ဏသာမ” ဓာတ်တော်ကြီး ဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံ အဖြင့် သဘင်အဖွဲ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဓာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဓာတ်ရုံ၌ ကျင်းပရာ ဓာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ တွင် “ဝိဓူရ” ဓာတ်တော်ကြီးဖြင့် စစ်ကိုင်းဒေသကြီး ကိုယ်စားပြု ကောင်းစစ်ဟိန်းဓာတ်သဘင်အဖွဲ့က မူရင်းဓာတ်တော်ကြီး၏ အနှစ်သာရနှင့် ဓာတ်လမ်းဓာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဓာတ်သဘင်၏ ဆို၊ ဒို၊ ပြော အနုပညာရပ်များနှင့် အကအလှများကို အချိုးညီညီ ပေါင်းစပ်၍ လည်းကောင်း၊ ဓာတ်ကောင် တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပီပြင်မှု တို့ဖြင့်လည်းကောင်း အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေ ချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့်ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဓာတိသွေးဓာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက် ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး စသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အမျိုးဂုဏ်၊ ဓာတိဂုဏ်မြှင့်တင်ရေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ထက်လွှါခန့် ယှဉ်ပြိုင်စဉ်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဒုတိယအကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု



မန္တလေး အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများလိုက်ပါပြီး ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဒုတိယအကြိမ်မြောက် သီတင်းကျွတ် မီးထွန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အမျိုးသားကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်မှ တာဝန်ရှိသူများက ပွဲတော်ကာလ အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဥယျာဉ်အတွင်း ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင်ခြင်း၊ ဘုရားမီးပူဇော်ခြင်း၊ နိုင်ငံကျော် တေးသံရှင်များ ပါဝင်သည့် တေးဂီတဖျော်ဖြေရေးများဖြင့် နေ့စဉ် ဧည့်ခံဖျော်ဖြေပေးသွားမည့်အစီအစဉ်များ၊ မြန်မာ့ယဉ်ကျေးမှုဇာတ်သဘင်ဖျော်ဖြေမှု အစီအစဉ်များနှင့် လာရောက်လည်ပတ်ကြသူများ ပျော်ရွှင်စိတ်ချမ်းမြေ့စေရေးဆောင်ရွက်ထားရှိမှုများ၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ ဦးငြိမ်းမင်းက သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) ညပိုင်းအထူးအစီအစဉ်တွင် ဂရုဝဖစ်အထူးပြုလုပ်ချက်ဖြင့် ဖန်တီးပြသ၍ သဘင်အနုပညာရှင်များက ဆီမီးခွက်ကယိမ်းများ၊ နေရာတော်ခင်းယိမ်းများဖြင့် ကပြကြိုဆိုပူဇော်တင်ဆက်သွားမည့် ဗုဒ္ဓပူဇာမဟာသဘင် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ဥယျာဉ်အတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တွင် သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွဲ့ မီးထွန်းပွဲတော်အတွက် ကုသိုလ်ယူပါဝင်လှူဒါန်း



မန္တလေး အောက်တိုဘာ ၂၄

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မန္တလေးမြို့တွင် သာယာလှပ သီတင်းကျွတ်ည ပျော်ရွှင်ဆင်နွဲ့ မီးထွန်းပွဲတော်ကို ပြည်သူလူထုနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ဆင်နွဲကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် အလှူရှင် ဒေါက်တာစောလင်း+ဒေါက်တာကြူကြူအေးတို့က အလှူငွေကျပ် သိန်း ၅၀၀ ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကုသိုလ်ပါဝင်လှူဒါန်းငွေကို လက်ခံကာ သာဓုခေါ်ဆို၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



နိုင်ငံဗီဇွာမြှင့်တင်ရေးရန်ပုံငွေမှ ချည်မျှင်ရှည်ဝါစိုက် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ပြုလုပ်

ရမည်းသင်း အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် နိုင်ငံ့ဗီဇွာမြှင့်တင်ရေးရန်ပုံငွေမှ ချည်မျှင်ရှည်ဝါ စိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

ရေးဦးစွာ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်က ရမည်းသင်းမြို့နယ်အနေဖြင့် ချည်မျှင်ရှည်ဝါစိုက်ဧက ၈၇၂၅ဧက အတွက် ငွေကျပ်သန်း ၂၆၁၇ ဒဿမ ၅ ထုတ်ချေးပေးမှာဖြစ်ပြီး ယနေ့တွင် ဆည်ကြီးအုပ်စု ဧက ၁၆၀၊ ၁၅၀ နှင့် ကန်ဘဲအုပ်စု ဧက ၁၆၀၊ စုစုပေါင်း ဧက ၃၁၀ အတွက် ငွေကျပ် ၉၃သန်း ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဝါသီးနံအထွက်နှုန်း ကောင်းမွန်စေရေး ချေးပေးခြင်းဖြစ်သည့်အတွက် ဝါစိုက်ခင်းများတွင် သွင်းအားစုများ အမှန်တကယ် ထည့်သွင်းသုံးရန်လိုအပ်ကြောင်း၊ ချေးငွေများအား သတ်မှတ်ရက်တွင် အပြေအကြေးပေးဆပ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျေးရွာအုပ်စုနှစ်အုပ်စုမှ ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူ ၁၃၈ ဦးအား ငွေကျပ် ၉၃ သန်း ထုတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝိုင်ဟိန်း**

(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျောက်မန်းတောင်း အောက်တိုဘာ ၂၄

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်မန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၀မ်းထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ကြသည်။

ကျောက်မန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ရွှေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မြင့်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် မြို့နယ်ရုံးနှင့် တွဲဖက်ဝန်ထမ်း စုစုပေါင်း ၃၈ ဦးတို့သည် ဘူတာရုပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဓိမာန်တော်ကြီးဝင်းအတွင်း ပေါင်းမြက်အမှိုက်များ ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**



(၄၅၆) o-o-o-o-o o-o-o

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ပန်းအလှထိုးသင်တန်း ဖွင့်လှစ်သင်ကြားပေး

လားရှိုး အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်း၍ "ပန်းအလှထိုးသင်တန်း"ကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ရှမ်းပြည်နယ် မြောက်ပိုင်း(လားရှိုး)မှ "ပန်းအလှထိုးသင်တန်း" ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၂၂ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

ပလတ်စတစ်ညစ်ညမ်းမှုကို
တိုက်ဖျက်ကြစို့။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖန်တီးအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

မန္တလေး အောက်တိုဘာ ၂၄

ပြင်ဦးလွင်မြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ အစားအစာဖူလုံကာ သား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဟင်းသီးဟင်းရွက်များကို သင့်တင့်သည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းစင်ပြီး လတ်ဆတ်သော အစားအစာများထုတ်လုပ်မှု မြင့်မားတိုးတက်လာစေရေးတို့အတွက် ပြင်ဦးလွင်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖန်တီးအကောင်အထည်ဖော်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးစုန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေရာ ခြံပိုင်ရှင် ဦးမင်းသူ၏ နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားများ မွေးမြူထားရှိမှုနှင့် နွားစာ နေဗီယာမြက်များစိုက်ပျိုးထားရှိမှု၊ တောင်သူဦးမိုးသက်ဆွေ၏ ပဲပုပ်နှင့် ကုလားပဲ သီးနှံစိုက်ပျိုးထားမှု၊ ခြံပိုင်ရှင် ဦးကျော်သူထွန်း၏ နို့စားနွား မွေးမြူရေးခြံတွင် နို့စားနွားများ မွေးမြူထားရှိမှု၊ ဦးမင်းဖ၏ ဝက်မွေးမြူရေးခြံတွင် ဝက်များမွေးမြူထားရှိမှု၊ လက်ပံကုန်းအုပ်စု၊ နောင်ဝယ်ကျေးရွာရှိ ဒေါ်အေးခွမ်း၏၊ ကောင်းမြန်မာ နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားများ မွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြား၍ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မန္တလေး-ပြင်ဦးလွင် အဆင်းလမ်း မိုင်တိုင်အမှတ် (၂၃/၃)ဖာလုံမှ ဗဟိုမီးသတ်သင်တန်းကျောင်းအထိ လမ်းပိုင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို



ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ သဟပုည ကာရီငွေတော်ဓမ္မာရုံရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ယာပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၅ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်



ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ

o n f **၀၃၈**

အယ်လ်နီညိုရောဂါဦးတုန့်နှင့် မွေးမြူရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး online မှတစ်ဆင့် အသိပညာပေး

သာစည် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ပြည်သူများ အယ်လ်နီညိုရောဂါဘုတ်နှင့်ပတ်သက်ပြီး မွေးမြူရေးဆိုင်ရာများ ကြိုတင်ကာကွယ်နိုင်ရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ online မှတစ်ဆင့် အသိပညာပေး (Talk Show) ကို အောက်တိုဘာ ၂၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဇာတိ ဌာနတွင် ပြုလုပ်ကြောင်းသိရသည်။

အသိပညာပေး (Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာကျော်ခိုင်တို့က အယ်လ်နီညိုကာလ၌ မွေးမြူရေးကဏ္ဍအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အဓိကအချက်များဖြစ်သော ရေကိုကြိုတင်စီမံပါ၊ အစာကို ကြိုတင် သိုလှောင်ပါ၊ ရောဂါကို ကြိုတင်ကာကွယ်ပါ၊ အပူဒဏ်ကို ကာကွယ်ပါ၊ အရေးပေါ်တုံ့ပြန်မှုကို အဆင်သင့်ပြင်ထားပါ စသည်ဖြင့် ကြိုတင်ပြင်ဆင်ရမည့် အချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

၄၈၇

ပဒ္မသီရိမြို့နယ်၊ ညောင်ကုန်းကျေးရွာ၌ (VRFP) စီမံကိန်းရန်ပုံငွေထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပဒ္မသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဖြတ်ခွဲကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဒ္မသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်း၊ စည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၀ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)**



ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို (VRFP) ရန်ပုံငွေကျပ် ၃၀ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နေ၀်လူး(ကျေးလက်)**

စည်ပင်သာယာဧရိယာအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

မြို့သစ် အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနက အယ်လ်နီညိုရောသီဥတုကြောင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စည်ပင်သာယာဧရိယာအတွင်း မီးဘေးလုံခြုံရေးနှင့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက သက်ဆိုင်ရာဌာန ပူးပေါင်းအဖွဲ့များနှင့်အတူ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့မဈေးအတွင်း စက်သုံးဆီသိုလှောင်ရောင်းချခြင်း ရှိ၊ မရှိ၊ မီးဖိုမီးနှင့်လျှပ်စစ်မီးသုံးစွဲခြင်းရှိ၊ မရှိ၊ ဈေးဆိုင်ခန်းများအတွင်း မီးသတ်ဆေးဘူးများ အသင့်ထားရှိခြင်း ရှိ၊ မရှိ စစ်ဆေး၍ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိဒွန်(ပြန်/ဆက်)



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၂၄

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့ ၏ ၁၃၈၈-၁၃၈၉ (၂၀၂၆-၂၀၂၇) ပညာသင်နှစ်အတွက် သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုပါက အစိုးရ ပထမကြီးတန်း၊ စေတီယဂီဏာစာသင်တန်း၊ သက္ကသီဟ စာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုပါက သာသနတက္ကသိုလမဓ္မာစရိယဘွဲ့၊ သာသနဓဇ မဓ္မာစရိယဘွဲ့၊ သက္ကသီဟ မဓ္မာစရိယဘွဲ့နှင့် စေတီယဂီဏာ မဓ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ အောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

ဖြေဆိုကြရမည်

သာသနတက္ကသိုလမဓ္မာစရိယတန်း(ပထမနှစ်)ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုဒ္ဓာ၊ အဘိဓမ္မာဆိုင်ရာ(၅)ပုဒ္ဓာ မေးခွန်းလွှာ တစ်ခုနှင့် ပါဠိဆိုင်ရာ(၅)ပုဒ္ဓာ၊ အထွေထွေဗဟုသုတ(၅)ပုဒ္ဓာ မေးခွန်းလွှာ တစ်ခု စုစုပေါင်း မေးခွန်းလွှာနှစ်ခုကို နှစ်ရက် ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသိုလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသိုလမဓ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုဒ္ဓာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠို၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀)ပုဒ္ဓာ ဖြေဆိုရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် သောကြာနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာ တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ် သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၅၄၀၀၈၂၊ ၀၉-၄၂၅၀၀၈၇၂) နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၃၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်တွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



စဉ်ကူး အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ်ကူးမြို့၌ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်(၇)နာရီခွဲက စဉ်ကူးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင် ရွှေမုဋ္ဌေဘုရားတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စဉ်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ရွှေမုဋ္ဌေဘုရား စေတီတော်တွင် ဘုရားပန်းများ ကပ်လှူပူဇော်ခြင်း၊ ဘုရားရင်ပြင်တို့အား သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ဘုရားပရဝုဏ်အတွင်း အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို ဝိုင်းဝန်းကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တင်စာလွင်(ပြန်/ဆက်)

ချောက် အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ် အပေါ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်နှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာ မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ချောက်မြို့နယ်အတွင်းရှိ အမှတ်(၃)ရပ်ကွက် လူနေအိမ်များ၌ တစ်အိမ်တက် ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဆောင်ရွက်ခြင်းများကို ယနေ့နံနက် ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထို့သို့ ဆောင်ရွက်ရာတွင် ချောက်မြို့နယ်မီးသတ်ဦးစီးဌာန မှမီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်သောအဖွဲ့တို့က အိမ်များတွင် စနစ်တကျ မီးသုံးစွဲမှုရှိ စေရန်၊ မီးဘေးလုံခြုံရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရေး အချက်များ၊ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ အကြောင်းအသိပညာပေးပြောကြားခြင်းနှင့် စစ်ဆေးခြင်းကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ရာအမှတ်(၃)ရပ်ကွက်၌ အိမ်ခြေ(၅၂)အိမ် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

မီးလောင်မှုနှင့် မီးလန့်မှုများမဖြစ်ပွားစေရေး ရပ်ကွက်နေအိမ်များတွင် မီးဘေးလုံခြုံရေး စစ်ဆေး



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၄

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို မြှင်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်မိန်းချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နိမ့်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ရူပါအယ်လ်နီညှိနှုင့် သီတင်းကျွတ်ကာလ မီးဘေးအန္တရာယ် ကင်းဝေးစေရေး မီးဘေးလုံခြုံရေးအသိပညာပေးစစ်ဆေး



ဒဂ္ဂီဏာသီရိ အောက်တိုဘာ ၂၄

နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့နယ်ရှိ စက်သုံးဆီဆိုင်များ၌ ရူပါအယ်လ်နီညှိဖြစ်စဉ်ကာလနှင့် သီတင်းကျွတ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းကို အောက်တိုဘာ ၂၀ ရက်နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒဂ္ဂီဏာသီရိမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးဝေလွှဲထွေးနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဒဂ္ဂီဏာသီရိမြို့နယ်အတွင်း စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးသတ်မှုရေးလက်ကမ်းစာစောင်များအား ဖျေးသူ၊ ဖျေးသားများနှင့် ဝယ်ယူသူများထံ ဖြန့်ဝေပေးခဲ့သည်။

ဒဂ္ဂီဏာသီရိမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် လုံခြုံရေးအတွက် ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ နေ့စဉ် မီးသတ်မှုရေး ဆော်သြခြင်း၊ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

သျှင်ဦးမောင်(ဒဂ္ဂီဏာ)



မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီကာလတွင် မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရန်အတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့ပေါ်ရပ်ကွက်များရှိ Gas အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များရှိ Gas အရောင်းဆိုင်များအား စစ်ဆေးခဲ့ကြပြီး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ရောင်းချခြင်း ရှိ၊ မရှိနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မီးသတ်ဆေးဘူးများ သက်တမ်းပြည့်မီခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြပြီး ပူပြင်းခြောက်သွေ့မှု လွန်ကဲမည့် အယ်လ်နီညှိဖြစ်စဉ်ကာလများတွင် မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိသင့်သည်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကျောက်ဆည်(မီးသတ်)

မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ကလော အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးဌာန ဈေးကော်မတီ၊ တာဝန်ခံနှင့်ဈေးသည်များ ပူးပေါင်း၍ အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီက ကလော မြို့မဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ဈေးသည်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်စေရန်အတွက် ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ မီးချိတ်မီးကပ်များ၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိစေရေး၊ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးပြောကြားခဲ့ပြီး အယ်လ်နီညှိ အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့ပြသခဲ့ပြီး မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာဝုံ)**

မြို့နယ်(ပြန်/ဆက်)



ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ် စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ် မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ ဖြတ် မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

ပြင်ဦးလွင်-မန္တလေး အဆင်းလမ်းတွင် Express နှင့် အိမ်စီးကား တိုက်မိပြီး ချောက်ထဲကျ ခြောက်ဦး သေဆုံး

ပြင်ဦးလွင် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်-မန္တလေး အဆင်းလမ်း မီးသတ်ကွေ့အကျော် မိုင် ၂၀ ဝန်းကျင်တွင် ခရီးသည်တင် Express ယာဉ်နှင့် အိမ်စီးကား မျက်နှာချင်း ဆိုင်တိုက်မိပြီး Express ယာဉ် ချောက်ထဲသို့ ထိုးကျခဲ့ရာ ကနဦးသတင်းများအရ လူ ၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယနေ့ညနေပိုင်းက ဖြစ်ပွားခဲ့သည့် အဆိုပါ ယာဉ်မတော်တဆမှုတွင် အိမ်စီးကားမှာ ပြင်းထန်စွာပျက်စီးခဲ့ပြီး Express ယာဉ်မှာ ချောက်ထဲသို့ ထိုးကျသွားခဲ့ကြောင်း မြေပြင်သတင်းများအရ သိရသည်။

မျက်မြင်တွေ့ရှိသူတစ်ဦး၏ ပြောကြားချက်အရ အတာက်လမ်းမှ မောင်းနှင်လာသည့် အိမ်စီးကားနှင့် အဆင်းလမ်းမှလာသည့် Express ယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကနဦးသတင်းများအရ သေဆုံးသူ ၆ ဦးတွင် အမျိုးသား ၃ ဦး၊ အမျိုးသမီး ၂ ဦးနှင့် ကလေးငယ် ၁ ဦး ပါဝင်ပြီး ထိခိုက်ဒဏ်ရာ ရရှိသူများကို မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးတို့သို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္တိသုခ အခမဲ့လူမှုကူညီရေးအသင်းနှင့် အခြားလူမှုကူညီရေးအသင်းများမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ သွားရောက်ကူညီခဲ့ကြသည်။

သန္တိသုခ အခမဲ့လူမှုကူညီရေးအသင်းက လူနာတင်ယာဉ် ၆ စီးဖြင့် ကယ်ဆယ်ရေးနှင့် လူနာပို့ဆောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ချောက်ထဲကျသွားသည့် Express ယာဉ်ပေါ်မှ ခရီးသည်များအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း ကနဦးသတင်းများအရ သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့ဥဒ်-၆)



စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၄

မူးယစ်ဆေး၀ါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကလောမြို့နယ်၊ အင်းပြင်ကျေးရွာနေ ဝင်းဦးဆိုသူ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၁၂၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝင်းဦး(၄၅)နှစ်ဆိုသူအား ကလောမြို့မ ရဲစခန်းမှ မူးယစ်ဆေး၀ါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေး၀ါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့ဥဒ်သတင်းအဖွဲ့)

အီတလီဝီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး NGB

ကက်ဂလီယာရီ	၀ - ၂	ဘိုလော့ဂ်နာ
ကိုမို	၂ - ၀	ဆက်ဆူအိုလို
နာပိုလီ	၃ - ၃	မိုးမား

စပိန်လာလိဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) အနိုင်၊ အရှုံး NGB

ဗယ်လက်ကာနို	၀ - ၃	အယ်လ်ချီ
ရေးဆင်း	၂ - ၁	အက်စ်ပန်ညို
ဗလင်စီယာ	၁ - ၂	ဒီလာရီးရဲလ်

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈) အနိုင်၊ အရှုံး NGB

လန်စ်	၂ - ၁	ပဲရစ်


ဂျာမန်ဘွန်ဒက်လိဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး NGB

အော့စ်ဘတ်	၁ - ၁	ယူနီယံဘာလင်
ကိုလုံး	၀ - ၀	ရှော်လ်ကေး
မိန်ဇ်	၂ - ၃	ဝါဒါဘရီမင်
လိုက်ပဇစ်	၄ - ၀	အဲလ်ဟစ်ဘတ်
ဒေါ်မွန်	၁ - ၀	ဖရန့်ဖတ်

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈) အနိုင်၊ အရှုံး NGB

အက်စတွန်ဗီလာ	၂ - ၁	မန်စီးတီး
အာဆင်နယ်	၂ - ၀	အဲဗာတန်
ကိုပင်ဟာဂင်	၀ - ၁	ဖူလ်ဟမ်

နိုင်ငံတကာ အားကစား သတင်းများ



အယ်လစ်ဆန်ဘက်ကာကို ခေါ်ယူရန် ဖလာမင်ဂိုအသင်းစီစဉ်

လန်ဒန် အောက်တိုဘာ ၂၄

ဘရာဇီးကလပ် ဖလာမင်ဂို အသင်းသည် လီဗာပူးအသင်း ဂိုးသမား အယ်လစ်ဆန်ဘက်ကာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမားသည် လီဗာပူးအသင်းနှင့် အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၃၄၃ ပွဲ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖလာမင်ဂိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဂိုးသမား အယ်လစ်ဆန်ကိုယ်တိုင်ကလည်း လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားမည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဖလာမင်ဂိုအသင်း အနေဖြင့် ဂိုးသမား အယ်လစ်ဆန်ဘက်ကာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အေပေါ်ဝဲပုံ) (NGB)

မိရော်နယ်လ်ဒို ပရော်ပက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုး ၉၈၂ ဂိုးအထိ ရှိလာ

လန်ဒန် အောက်တိုဘာ ၂၄

အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် သွင်းဂိုး၉၈၂ဂိုးအထိ ရှိလာခဲ့ပြီး ဂိုးပေါင်း ၁၀၀၀ ပြည့်မြောက်ရန် သွင်းဂိုး ၁၈ဂိုးသာ လိုအပ်နေတော့သည်။

အသက်(၄၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် စပို့တင်း လစ္စဘွန်း၊ မန်ယူ၊ ရီးရဲလ်မက်ဒရစ်၊ ကျူဗင်တပ်၊ အယ်လ်နာဆာ၊ ပေါ်တူဂီလက်ရွေးစင်အသင်းတို့တွင် ကစားခဲ့ပြီး သွင်းဂိုး ၉၈၂ ဂိုးအထိ ရှိလာခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အယ်လ်နာဆာအသင်းနှင့် အတူ ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး ဖိဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တိုက်စစ်မှူး စီရော်နယ်လ်ဒိုအနေဖြင့် ကစားသမားဘဝ အနားမယူမီ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်အောင် သွင်းယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အောက်ပုံ)** **(NGB)**



မိုချန်ဂလာဘတ်အသင်းက စတုဂတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

မြူးနစ် အောက်တိုဘာ ၂၄

ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မိုချန်ဂလာဘတ်အသင်းနှင့် စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိုချန်ဂလာဘတ်အသင်းက စတုဂတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မိုချန်ဂလာဘတ်အသင်း အတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃၈မိနစ်တွင် စကယ်လီ၊ ပွဲချိန် ၅၁မိနစ်တွင် မာချီနို၊ ပွဲချိန် ၆၆မိနစ်တွင် မိုဟ်ယာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မိုချန်ဂလာဘတ်အသင်း သည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၃၁ရက် တွင် ပါဒါဘွန်းအသင်းနှင့် ဆက် လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ် သည်။

(NGB)

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၅-၁၀-၂၀၂၆ ညနေ၆း၀၀နာရီ	အင်တာမီလန် - ဗီအိုရင်တီးနား	အင်တာမီလန် ၃-၀ ဗီအိုရင်တီးနား ဗီအိုရင်တီးနား ၁-၁ အင်တာမီလန်
၂၅-၁၀-၂၀၂၆ ညဧး၃၀နာရီ	အတ္တလန္တာ - ဇဂိုစီနိုနီ	အတ္တလန္တာ ၅-၀ ဇဂိုစီနိုနီ ဇဂိုစီနိုနီ ၂-၁ အတ္တလန္တာ
″	ဂျီနိုအာ - ဝင်နီဇီယာ	ဂျီနိုအာ ၂-၀ ဝင်နီဇီယာ ဝင်နီဇီယာ ၂-၀ ဂျီနိုအာ
၂၅-၁၀-၂၀၂၆ ညဘး၃၀နာရီ	လက်ချီ - ကျူဗင်တပ်	လက်ချီ ၀-၁ ကျူဗင်တပ် ကျူဗင်တပ် ၁-၁ လက်ချီ
၂၆-၁၀-၂၀၂၆ နံနက်၀၂း၁၅နာရီ	အူဒီးနိစ် - အေစီမီလန်	အူဒီးနိစ် ၀-၃ အေစီမီလန် အေစီမီလန် ၀-၃ အူဒီးနိစ်

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၅-၁၀-၂၀၂၆ ညဧး၀၀နာရီ	ဟော်ဖန်ဟိမ်း - လေဗာကူဆင်	ဟော်ဖန်ဟိမ်း ၁-၀ လေဗာကူဆင် လေဗာကူဆင် ၁-၂ ဟော်ဖန်ဟိမ်း
၂၅-၁၀-၂၀၂၆ ညဘး၀၀နာရီ	ဖရိုင်းဘတ် - ဘိုင်ယန်မြူးနစ်	ဖရိုင်းဘတ် ၂-၃ ဘိုင်ယန်မြူးနစ် ဘိုင်ယန်မြူးနစ် ၆-၂ ဖရိုင်းဘတ်

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်)	ယမန်နှစ်ရလဒ်
၂၅-၁၀-၂၀၂၆ တနင်္ဂနွေနေ့	ညနေ ၄း၃၀နာရီ	ဒဂုံ - သစ္စာအားမာန်	ဒဂုံ ၂-၀ သစ္စာအားမာန် သစ္စာအားမာန် ၂-၂ ဒဂုံ
″	ညနေ ၄း၃၀နာရီ	ချင်းလန် - မြဝတီ	ချင်းလန် ၁-၁ မြဝတီ မြဝတီ ၄-၀ ချင်းလန်

ဆာကာ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တအတန်ကြာ အနားယူရဖွယ်ရှိ



လန်ဒန် အောက်တိုဘာ ၂၄

အာဆင်နယ်အသင်း တောင်ပံကစားသမား ဆာကာသည် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တအတန်ကြာ အနားယူရဖွယ်ရှိသည်။

အဆိုပါ တောင်ပံကစားသမားသည် ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ် အဆင့် ပွဲစဉ်အဖြစ် အာဆင်နယ် အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ဆာကာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ် အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဆာကာသည် အာဆင်နယ်အသင်းနှင့် အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၃ ပွဲ ကစားပြီး ၈၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ဝဲပုံ) (NGB)

အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၅-၁၀-၂၀၂၆ ညဧး၃၀နာရီ	ဝဲလ်ဗ် - နယူးကာဆယ်	ဝဲလ်ဗ် ၂-၁ နယူးကာဆယ်
″	ဟားလ်စီးတီး - ဘရန်တ်ဖို့ဒ်	————
″	လီဗာပူး - ဘရိုက်တန်	လီဗာပူး ၂-၀ ဘရိုက်တန် ဘရိုက်တန် ၂-၀ လီဗာပူး
″	မန်ယူ - ဘုန်းမောက်	မန်ယူ ၄-၄ ဘုန်းမောက် ဘုန်းမောက် ၂-၂ မန်ယူ
၂၅-၁၀-၂၀၂၆ ညဘး၀၀နာရီ	ဆန်းဒါးလန်း - လီဒ်စ်	ဆန်းဒါးလန်း ၁-၁ လီဒ်စ် လီဒ်စ် ၀-၁ ဆန်းဒါးလန်း

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၅-၁၀-၂၀၂၆ ညဂုး၃၀နာရီ	ဘီလ်ဘာအို - ဂီတာဖေး	ဘီလ်ဘာအို ၀-၁ ဂီတာဖေး ဂီတာဖေး ၂-၀ ဘီလ်ဘာအို
၂၅-၁၀-၂၀၂၆ ညဧး၄၅နာရီ	ဆဲလ်တာဗီဂို - ဘက်တစ်	ဆဲလ်တာဗီဂို ၁-၁ ဘက်တစ် ဘက်တစ် ၁-၁ ဆဲလ်တာဗီဂို
၂၆-၁၀-၂၀၂၆ နံနက်၀၀း၀၀နာရီ	ဆိုစီဒက် - လီဝန်တေး	ဆိုစီဒက် ၂-၀ လီဝန်တေး လီဝန်တေး ၁-၁ ဆိုစီဒက်
၂၆-၁၀-၂၀၂၆ နံနက်၀၂း၃၀နာရီ	ဘာစီလိုနာ - ရီးရဲလ်မက်ဒရစ်	ဘာစီလိုနာ ၂-၀ ရီးရဲလ်မက်ဒရစ် ရီးရဲလ်မက်ဒရစ် ၂-၁ ဘာစီလိုနာ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၅-၁၀-၂၀၂၆ ညဧး၃၀နာရီ	မိုနာကို - လိုင်လီ	မိုနာကို ၀-၁ လိုင်လီ လိုင်လီ ၁-၀ မိုနာကို
၂၅-၁၀-၂၀၂၆ ညဘး၄၅နာရီ	အန်းဂါးစ် - လိုရီယန့်	အန်းဂါးစ် ၂-၀ လိုရီယန့် လိုရီယန့် ၂-၀ အန်းဂါးစ်
″	အော်ဇေး - လီမက်စ်	————
″	မာဆေးလ် - လီဟာဗာ	မာဆေးလ် ၆-၂ လီဟာဗာ လီဟာဗာ ၀-၁ မာဆေးလ်
″	ရင်းနက်စ် - စထာရာဘော့စ်	ရင်းနက်စ် ၄-၁ စထာရာဘော့စ် စထာရာဘော့စ် ၀-၃ ရင်းနက်စ်
″	တူးလော့စ် - ထရွိုင်းယက်စ်	တူးလော့စ် ၄-၁ ထရွိုင်းယက်စ် ထရွိုင်းယက်စ် ၀-၃ တူးလော့စ်

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀)မီးထွန်းပွဲတော်ကို (၂၆-၁၀-၂၀၂၆)ရက် သီတင်းကျွတ်လပြည့်ညတွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စတုဒိသာအကျွေးအမွေးများ၊ တေးဂီတဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသဖြင့် မန္တလေးမြို့တော်သူ၊ မြို့တော်သားအပေါင်းတို့မှ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား အတူတကွ ပါဝင်ဆင်နွှဲကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁၀-၂၀၂၆ (တနင်္လာနေ့)၊ ၁၃ရစခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
အချိန် - ညနေ(၆း၀၀)နာရီမှ ည(၁၀း၀၀)နာရီအထိ
နေရာ - ၂၆လမ်း၊ ၆၆လမ်းမှ ၇၃လမ်းအထိ
ဖျော်ဖြေရေး - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ (၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား) စင်မြင့်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် မေခလာ၊ L ဆိုင်းဒီ၊ မယ်လိုဒီ၊ ရဲထွဋ်ကျော်၊ နေမင်းအိမ်၊ ဘိုမ(ကေတုမတီ)၊ ချစ်ခွဲသာ၊ ပန်းလေး၊ ဇကရီစုစံ၊ ခိုင်ဇင်လင်း၊ ယွန်းဝီ၊ နော်ထူး၊ ထက်ထက်၊ DJ Bella၊ Dancers အဖွဲ့များနှင့် မန်းစည်ပင်ခေတ်ပေါ် တေးဂီတအဖွဲ့
ဧည့်ခံကျွေးမွေးရေး - စတုဒိသာ မဏ္ဍပ်များ

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်အတွက် ခေတ္တလမ်းပိတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀) မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်ညတွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အဆိုပါလမ်းနေရာအား (၂၄-၁၀-၂၀၂၆)ရက်နေ့ ၁၈း၀၀နာရီမှ (၂၇-၁၀-၂၀၂၆)ရက်နေ့ ၀၆း၀၀ နာရီအထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သီတင်းကျွတ်ကာလတွင် ဆီမီးထွန်းညှိပူဇော်ပွဲများနှင့် အထင်ကရပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

မန္တလေး အောက်တိုဘာ ၂၄



မန္တလေး၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ဘုရားဂေါပကဥက္ကဋ္ဌအဖွဲ့များနှင့် ပူးပေါင်းကာ မြို့နယ်အတွင်းရှိ အထင်ကရတန်ခိုးကြီးဘုရားများ၌ သီတင်းကျွတ်ကာလတွင် ဆီမီးထွန်းညှိပူဇော်ပွဲများ၊ ဆွမ်းတော်ကြီးလောင်းလှူပွဲများနှင့် နိဗ္ဗာန်ဈေးပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ချမ်းအေးသာစံမြို့နယ်အတွင်း ကန်ကောက်ရပ်ကွက်ရှိ မန်အောင်ရတနာဓာတုဃရဝါခင်းကုန်းစေတီတော်၊ သီရိဟောမာအရှေ့ရပ်ကွက်ရှိ အိမ်တော်ရာစေတီတော်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်ဒိမ်အောင်တော်မှမြတ်စွာဘုရား၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မဟာသက္ကသီဟဘုရား၊ သီရိဟောမာအရှေ့ရပ်ကွက်ရှိ ချမ်းသာရမြတ်စွာဘုရားနှင့် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ ကိုးလုံးတကာမြတ်စွာဘုရားတို့၌ သီတင်းကျွတ်ကာလတွင် ဆီမီးထွန်းညှိပူဇော်ပွဲများ၊ သံဃာဒါနဆွမ်းတော်ကြီးလောင်းလှူပွဲများနှင့် နိဗ္ဗာန်ဈေးပွဲတော်များကို ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများအား စတုဒိသာများ ကျွေးမွေးသွားမည်ဖြစ်သည်။

အဆိုပါ ဆီမီးထွန်းညှိပူဇော်ပွဲများနှင့် အထင်ကရပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ဘုရားဂေါပကဥက္ကဋ္ဌများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၅၀)**



သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

မန္တလေး အောက်တိုဘာ ၂၄

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များက စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ပြည်သူများ အပူဒဏ်မှ ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက ထွန်တုံးရပ်ကွက်ရှိ ရွှေဇွေဘုရားမွေ့ရံ၌ ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သုနာပြုဆရာမကြီး ဒေါ်နီနီဆွေက စူပါအယ်လ်နီညို အပူဒဏ်အန္တရာယ်များအကြောင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးက အပူရှိန်မြင့်တက်လာခြင်းကြောင့် ရေပြတ်လတ်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ အပူရှိန်မြင့်တက်လာခြင်းကြောင့် မီးဘေးအန္တရာယ်သတိထားရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ရပ်ကွက်နေ ပြည်သူများထံ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ထွန်တုံးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့် ရပ်ကွက်နေပြည်သူများ ၂၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၆၉)**

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှ ကော်ဖီဆိုင်စီမံခန့်ခွဲမှုအထိ လက်တွေ့သင်ယူနိုင်မည့် Coffee Camp ပွင့်လှစ်မည်

မန္တလေး အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ကော်ဖီစိုက်ခင်းများတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှသည် ကော်ဖီလှော်ခြင်း၊ ဖျော်စပ်ခြင်းနှင့် ကော်ဖီဆိုင်စီမံခန့်ခွဲမှုအထိ လက်တွေ့လေ့လာသင်ယူနိုင်မည့် Sithar Coffee ၏ "Coffee Camp - Pyin Oo Lwin" အစီအစဉ်ကို နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက် အထိ တစ်ကြိမ်၊ ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ တစ်ကြိမ် စီစဉ်ထားပြီး ကော်ဖီလုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်လိုသူများ၊ ကိုယ်ပိုင်ကော်ဖီဆိုင်ဖွင့်လှစ်လိုသူများနှင့် ကော်ဖီပညာရပ်ကို အခြေခံမှစ၍ လေ့လာလိုသူများအတွက် ရည်ရွယ်ထားသည်။

သင်တန်းတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ Upstream နှင့် ကော်ဖီပြုပြင်ထုတ်လုပ်ခြင်းမှ စားသုံးသူထံရောက်ရှိသည်အထိ သက်ဆိုင်သော Downstream ပညာရပ်များကို အဓိကထား သင်ကြားပေးမည်ဖြစ်သည်။

Upstream သင်ခန်းစာများတွင် ကော်ဖီစိုက်ပျိုးရန် မြေပြင်ဆင်ခြင်း၊ ကော်ဖီရက္ခဗေဒ၊ ပျိုးခင်းနှင့် စိုက်ခင်းစီမံခန့်ခွဲမှု၊ အစိုကြိတ်နှင့် အခြောက်ကြိတ်လုပ်ငန်းစဉ်များ၊ ဂိုထောင်စီမံခန့်ခွဲမှု၊ ကော်ဖီစေ့ အဆင့်အတန်းခွဲခြားခြင်း (Green Bean Grading)၊ ကော်ဖီအရသာ မြည်းစမ်းအကဲဖြတ်ခြင်း (Cupping)နှင့် ကော်ဖီရောင်းဝယ်ရေးတို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် အရှေ့တောင်အာရှတွင် ပထမဆုံးဟု Sithar Coffee က ဖော်ပြထားသည့် ဉာဏ်ရည်တုနည်းပညာ (AI) အသုံးပြုသော Smart Coffee Farm ကိုလည်း လေ့လာခွင့် ရရှိမည်ဖြစ်သည်။

Downstream သင်ခန်းစာများတွင် ကော်ဖီစေ့အဆင့်အတန်းခွဲခြားခြင်း၊ ကော်ဖီလှော်ခြင်း (Roasting)၊ အရသာမြည်းစမ်းအကဲဖြတ်ခြင်း၊ ကော်ဖီဖျော်စပ်ခြင်း (Brewing)နှင့် ကော်ဖီဆိုင်လုပ်ငန်း စီမံခန့်ခွဲမှုတို့ကို လက်တွေ့ သင်ယူနိုင်မည်ဖြစ်သည်။

အဆိုပါ Coffee Camp သည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှသည် အရည်အသွေးစစ်ဆေးခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် သုံးရေအတွက် စီစဉ်ထားရှိမှုများ၊ ဓာတ်ဆား၊ ကျန်းမာရေးနှင့် ပတ်သက်သည့် အသုံးအဆောင်များ၊ အရန်ရိက္ခာအတွက် စီစဉ်ထားရှိမှုများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

လဲ့လဲ့ခိုင် (အမရပူရ)

--*-*-*

--*-*-*-*-*

အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုအား ကြည့်ရှုစစ်ဆေး

မန္တလေး အောက်တိုဘာ ၂၄

မန္တလေး၊ အမရပူရမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုကို အမရပူရ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ကြက်ခြေနီအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက အပူရှောင်စခန်းများ ဆောင်ရွက်ထားရှိရာနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အယ်လ်နီညို ရာသီဥတုကြောင့် ဖြစ်ပေါ်နိုင်သော အပူဒဏ်အန္တရာယ်ကို ကာကွယ်နိုင်ရန် အရိပ်ရသော နေရာများ၊ ပန်ကာ၊ လေအေးပေးစက်၊ မီးစက်၊ သောက်



MSP Wallet အကောင့်သစ်ဖွင့်သူများ ငွေသားဆု ၁,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အထိ ကံစမ်းနိုင်မည့် သီတင်းကျွတ်ပရိုမိုးရှင်း ပြုလုပ်



မန္တလေး အောက်တိုဘာ ၂၄

MSP Wallet အကောင့်သစ် ဖွင့်သူများအနေဖြင့် ဖုန်းကို လှုပ်ခါကံစမ်းသည့် Shake Now အစီအစဉ်မှတစ်ဆင့် ငွေသားဆု ၁,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အထိ ရရှိနိုင်မည့် သီတင်းကျွတ်ပရိုမိုးရှင်းကို အောက်တိုဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ပြုလုပ် လျက်ရှိကြောင်း MSP Wallet က ထုတ်ပြန်ထားသည်။

အဆိုပါ အစီအစဉ်တွင် ပါဝင်လိုသူများသည် MSP Wallet App ကို ဒေါင်းလုဒ် လုပ်၍ မိမိတို့၏ ဖုန်းနံပါတ်ဖြင့် အကောင့်အသစ် ဖွင့်လှစ်ရမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်း အောင်မြင်ပါက Application အတွင်းရှိ "Shake Now" ခလုတ်ကို နှိပ်ကာ ဖုန်းကို လှုပ်ခါ၍ ငွေသားဆုများ ကံစမ်းနိုင်မည်ဖြစ်သည်။

ထို့ပြင် MSP Wallet အကောင့် ဖွင့်ထားပြီးသူများအတွက်လည်း ကံစမ်းနိုင်မည့် Shake PIN များကို ထပ်မံပေးအပ်သွားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ပြုလုပ်မည့် အစီအစဉ်များကိုလည်း ဆက်လက်စောင့်ကြည့်နိုင်သည်။

အသေးစိတ်သိရှိလိုပါက MSP Wallet Call Center ဖုန်း ၀၉-၄၄၈၄၁၁၀၀၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ဝဲပုံ) ရွှေမန်း**



မြန်မာ-အိန္ဒိယ ဖွဲ့နွဲ့ဆီထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်း

မန္တလေး အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ၏ ဖွဲ့နွဲ့ဆီထုတ်လုပ်မှုကဏ္ဍတွင် အိန္ဒိယနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ဖက်စပ်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံရှိ ဖွဲ့နွဲ့ဆီထုတ်လုပ်မှုလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့က လက်ရှိဆောင်ရွက်နေသည့် မြို့နယ်လေးခုရှိ စီမံကိန်းလေးခု၏ အချက်အလက်များနှင့် အိန္ဒိယနိုင်ငံရှိ Indian Solvent Extractor's Association (SEA) နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ယခုလအတွင်း ပေးပို့ရန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပူးပေါင်းဆောင်ရွက်လိုသည့် အသင်းဝင်ကုမ္ပဏီများ၏ အချက်အလက်များ ပေးပို့ရေး၊ အိန္ဒိယဘက်မှ ရရှိလာသည့် အချက်အလက်များကို လေ့လာပြီး ပူးပေါင်းရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကို ပြန်လည်အကြောင်းကြားရေးနှင့် SEA ၏ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်နိုင်မည့် အချိန်ကာလ သတ်မှတ်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အိန္ဒိယလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၏ ဖွဲ့နွဲ့ဆီထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု အစီရင်ခံစာ (Feasibility Study Report) ပြုစုရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ပြန်လည်ရရှိမှုဆိုင်ရာ အကျိုးခံစားခွင့်များ ညှိနှိုင်းရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ဖွဲ့နွဲ့ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနေသည့် အခြေအနေများကို အိန္ဒိယနိုင်ငံရှိ စီးပွားရေးသမ္မဂ္ဂဆ ပေးပို့အကြောင်းကြားရေးနှင့် SEA အသင်းဝင်ကုမ္ပဏီများ၊ မြန်မာလုပ်ငန်းရှင်များအကြား သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရန် Whats App Group ဖွဲ့စည်းရေးတို့ကိုပါ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့ရှိ မြန်မာစီးပွားရေးသံမှူး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် SEA မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

ဆီမီးခွက်နှင့် ဖယောင်းတိုင်များ ဈေးနှုန်းအနည်းငယ်မြင့်တက်သော်လည်း မနှစ်ကထက် ပိုမိုရောင်းကောင်း

မန္တလေး အောက်တိုဘာ ၂၄

သီတင်းကျွတ်လပြည့်နေ့ ဆီမီးထွန်းပွဲတော် နီးလာကပ်သည်နှင့်အမျှ ဈေးကွက်အတွင်း ဆီမီးခွက်နှင့် ဖယောင်းတိုင်များ ဈေးနှုန်းမြင့်တက်လာသော်လည်း မနှစ်ကထက် ပိုမိုရောင်းအားကောင်းလျက်ရှိသည်။

ယခုနှစ်တွင် သယ်ယူပို့ဆောင်ခနှင့် ကုန်ကြမ်းဈေးအနည်းငယ်မြင့်တက်လာခြင်းကြောင့် ဆီမီးခွက်နှင့် ဖယောင်းတိုင်များ ဈေးနှုန်းအနည်းငယ်မှ မြင့်တက်လာခဲ့ပြီး မကြာမီကျင်းပမည့် သီတင်းကျွတ်ဆီမီးထွန်းပွဲတော်အတွက် ဘုရား၊ ကျောင်း၊ ကန်များနှင့် နေအိမ်များတွင် ဆီမီးထွန်းညှိပူဇော်ရန် ဝယ်ယူသူများ များပြားသဖြင့် မနှစ်ကထက် အရောင်းအဝယ်ပိုကောင်းနေကြောင်း ဖရောင်းတိုင်နှင့် ဆီမီးခွက်ရောင်းချသူများထံမှ သိရသည်။

"ဒီနှစ်က ကုန်ကြမ်းဈေးရော၊ သယ်ယူစရိတ်တွေရော ဈေးတက်တော့ ဖယောင်းဈေးတွေကလည်း တက်ကုန်တယ်။ သီတင်းကျွတ်နီးလာရင် အရင်လထွေထက် ဈေးနည်းနည်း တက်လေ့ရှိတယ်။ ဒီနှစ်ကတော့ ဖယောင်းဝယ်ဈေးကိုက ဈေးတက်နေတာ။ မနှစ်က ဖယောင်းတိုင်တစ်ပိသာကို ငွေကျပ် ၂၀၀၀၀ ကျော် လောက်ပဲ။ ဒီနှစ်တော့ တစ်ပိသာငွေကျပ် ၄၀၀၀၀ ကျော် ဖြစ်နေပြီ။ အရင်နှစ်က ဆိုင်သေးရောင်းစုံ ဖယောင်းတိုင်တစ်ထုပ်ကို ငွေကျပ် ၈၀၀-၁၀၀၀ လောက်ပဲရှိတာ။ ဒီနှစ်တော့ တစ်ထုပ်ကို ငွေကျပ် ၁၀၀၀ ကျော်ခဲ့ ရောင်းရတယ်။ မြေဆီမီးခွက်တွေကတော့ ဈေးအရမ်းကြီး မတက်ပါဘူး။ သယ်ယူခတွေ ဈေးတက်လို့ ဈေးတက်တာ လောက်ပဲ ရှိတာ။ ဖယောင်းတိုင် ဈေးတွေတက်ပေမယ့် ဆီမီးပူဇော်ဖို့ ဝယ်ကြတာပဲ'ဟု ဖယောင်းတိုင်နှင့် ဆီမီးခွက်ရောင်းချသူ မခင်ရတနာမာက ပြောသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဆီမီးထွန်းရန်အတွက် ရောင်စုံဖယောင်းတိုင်များအပြင်၊ ရိုးရာမြေထည်ဆီမီးခွက်များ၊ အလှဖယောင်းခွက်များ၊ လျှပ်စစ်အလှဆီမီးခွက်များ ရောင်းကောင်း လျက်ရှိပြီး မြေထည်ဆီမီးခွက် တစ်ခွက်လျှင် ငွေကျပ် ၁၀၀မှ ၃၀၀ ဝန်းကျင်၊ အလှဖယောင်း ခွက်တစ်ကဒ်လျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိသည်။ **(အောက်ဝဲပုံ)**

မြန်မာ့ရိုးရာ သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် ဘုရား၊ စေတီ၊ ပုထိုးများနှင့် နေအိမ်များတွင် ဆီမီးထွန်းညှိခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းတို့ဖြင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးထွန်းပွဲတော်ကို ဆင်ခြေလေ့ရှိကြရာ ယခုနှစ်တွင် ဖယောင်းတိုင် ဈေးနှုန်းတက်သော်လည်း ရောင်းအားကောင်းနေခြင်းကြောင့် ဖယောင်းတိုင်လုပ်ငန်းလုပ်ကိုင်နေသူများ၊ မြေထည်ဆီမီးခွက် ပြုလုပ်သူများနှင့် တစ်နိုင်တစ်ပိုင် အလှဆီမီးခွက်ပြုလုပ်ရောင်းချသူများလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၅)

ခရိုင်၊ မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိသာ လက်လီဈေးနှုန်းများ ထုတ်ပြန်

မန္တလေး အောက်တိုဘာ ၂၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ စားအုန်းဆီ တစ်ပိသာလျှင် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၇,၅၀၀ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ/လက်ကား ရောင်းချမည့် ဈေးနှုန်းများကို ရန်ကုန်အထိုင် ဈေးအပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်း သယ်ယူခ၊ လုပ်သားခများနှင့် အခြတ်နှစ်ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်/ဖြစ်ထိုက်သည့် လက်လီ/လက်ကား ဈေးနှုန်းများကို သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်/မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိသာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ငွေကျပ် ၈၈၃၀၊ မိတ္ထီလာမြို့ ငွေကျပ် ၈၆၅၀၊ ရမည်းသင်းမြို့ ငွေကျပ် ၈၆၂၅၊ ကျောက်ဆည်မြို့ ငွေကျပ် ၈၇၈၅၊ ပြင်ဦးလွင်မြို့ ငွေကျပ် ၈၈၈၀၊ သပိတ်ကျင်းမြို့ ငွေကျပ် ၉၁၃၀၊ မြင်းခြံမြို့ ငွေကျပ် ၈၉၁၀၊ ညောင်ဦးမြို့ ငွေကျပ် ၈၈၁၅၊ ကျောက်ပန်းတောင်းမြို့ ငွေကျပ် ၈၇၆၅ ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**



(မန္တလေးနေ့စဉ်-၅)

ရန်ကုန်-မန္တလေးအပြန်လမ်း အသုံးပြုမည့်ယာဉ်များ အထူးသတိပြုဖောင်းနှင်ရန် အသိပေး

မန္တလေး အောက်တိုဘာ ၂၄

မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်ကာလတွင် အစိုးရရုံးပိတ်ရက်များအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းကြီးကို အသုံးပြု၍ ခရီးသွားလာမည့်ယာဉ်များအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာပြီး အထူးသတိပြုဖောင်းနှင်ကြရန် အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားသည်။

အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ သီတင်းကျွတ်ရုံးပိတ်ရက်များအတွင်း အမြန်လမ်းမကြီးကို အသုံးပြု၍ ခရီးသွားလာသူများပြားနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို စနစ်တကျလိုက်နာရန် လိုအပ်သည်။

ထို့ပြင် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိမိတို့၏လိုရာခရီးစဉ်များသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် ယာဉ်မောင်းနှင်ရာတွင် အထူးသတိပြုကြရန်နှင့် သတ်မှတ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာမောင်းနှင်ကြရန် အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

စတုတ္ထအုပ်ချုပ်ရေးကာလ

ပီတိမိုးကောင်းကင်



ကျွန်မဓာတ်မိဘနှစ်ပါးမှာ သက်ရှိထင်ရှား မရှိကြတော့ပါ။ သို့ငြား အနန္တော အနန္တ ငါးပါးဝင်ကိုယ်စားမိဘသဖွယ် ဆရာသုံးဦး ရှိနေကြသေးသည်။ ကျွန်မကို ပန်းချီပညာသင်ကြားပေးခဲ့သော စာပေဝါသနာပါလာအောင် 'မပြိုသည့်မိုး' ရုပ်ရှင်ဇာတ်ညွှန်းကြီးအား အစအဆုံး အချောကူးယူရေးခိုင်းခဲ့သူ ပန်းချီဆရာကြီး အကယ်ဒမီဒါရိုက်တာ ဦးဝင်းဖေနှင့် မူလတန်းပညာသင်ပေးသူ ဆရာမနှစ်ဦး ရှိနေသေးသည်။ ရန်ကုန်မြို့၊ ကမ္ဘောဇိုလ်သာ၊ ချင်းချောင်းနန်းတော်တွင် ကျွန်မတို့အမျိုးသမီးပန်းချီ ဆရာမများ၏ ပန်းချီပြပွဲသို့ ဆရာကြီး ဦးဝင်းဖေ ကြွရောက်လာသဖြင့် ထိုနေ့က ပန်းချီကားရောင်းခဲ့ရသည့် ငွေဖြင့် ပြခန်းထဲမှာ ထိုင်ကန့်တော့ခွင့်ရခဲ့သည်ဟို့ ကြည်နူးခဲ့ရသည်။ ဆရာကြီးကတော် မမမြိုင်ကို ဘောက်ထော်နေအိမ်သို့ သွားရောက်ကန်တော့ရာ မိမိဝင်းဖေက ပါတိတ် တစ်ထည် လက်ဆောင်ပေးရင်း ရှေ့ဟောင်းနောင်းဖြစ်တွေ ပြောကြ၊ မေးကြ၊ ဖြေကြ ပျော်ရွှင်ခဲ့ကြရသည်။

ကျွန်မကို မူလတန်းပညာသင်ကြားပေးသူ ဆရာမ ဒေါ်ယဉ်ယဉ်မေက နန်းရွှေစျေးအနီး နေသူဖြစ်၍ မကြာခဏ ကျေးဇူးဆပ် ကန်တော့ခွင့်ရခဲ့သည်။ ဆရာမ ဒေါ်ယဉ်ယဉ်မေကို ပထမဦးဆုံး အကြိမ် သွားရောက်ကန်တော့စဉ်က ဆရာမက မျက်ရည်ကြည်ဆွဲသီဂျက် သူ့ခံစားချက်ကို ရင်ဖွင့် စကားဆိုခဲ့သည်။ 'ခင်ဆွေလှိုင်ရေ ... ညည်းကို ဆရာမ ကျေးဇူးတင်လိုက်တာအေ ... ညည်း တစ်ယောက်ပဲ ငါ့ကို လာကန်တော့တာ သိလား ... ငါ့မှာလေ ... တီဒွိထဲက တက္ကသိုလ်တွေနဲ့ အ-ထ-က ကျောင်းတွေက ဆရာကန်တော့ပွဲတွေ မြင်တိုင်း ... တွေ့တိုင်း ... ကြေကွဲနေရတာ ... သြော် ... ငါတို့လို ဝ၊လုံးလေး ဝိုင်းအောင် ရေးတတ်အောင် တပည့်အများကြီးရဲ့ လက်ကလေး တွေကိုင်ပြီး ... ကကြီး ခခွေး အခြေခံမှန်အောင် စိတ်ရှည်ရှည်နဲ့ သင်ပေးခဲ့ကြတဲ့ ... ငါတို့လို မူလတန်းပြဆရာ၊ ဆရာမတွေကို ဆရာကန်တော့ပွဲ မလုပ်ကြ၊ အပယ်ခံဘဝနဲ့ မေ့ထားကြလို့ ငါ့ရင်ထဲ တော်တော်ကြီး ခံစားရတယ်အေ့။ ခုလို ငါတပည့်က ဆရာမကို သတိတရ လာကန်တော့တော့ ... ငါ့မှာ အံ့သြဝမ်းသာလိုက်တာ၊ ကျေးဇူးတင်လိုက်တာအေ ...' ဆရာမက သူ့ကိုကန်တော့နေသည့် ကျွန်မ၏ ကြာင့်လက်အစုံကို အိမ်ငေးနေသော သူ၏ လက်နှစ်ဖက်နှင့် အုပ်မိုးကိုင်ကာ ကြည်နူးဝမ်းသာ ဝမ်းနည်းစကား ဆိုခဲ့သည်။

ဆရာမ ဒေါ်တင်တင်မွေးကို ကန်တော့ချင်၍ လိပ်စာစုံစမ်းရာ ဖိတ်မကောင်းစရာ ဆရာမက ပခုက္ကူ ဘိုးဘွားရိပ်သာမှာနေကြောင်း၊ အိမ်ထောင်ရေးက၊ သား၊သမီးက မကောင်းသဖြင့် မန္တလေးမှာ မနေတော့၊ ဆရာမငယ်စဉ်က ပြည့်စုံကြွယ်ဝချမ်းသာစွာ နေရသူ။ (မင်္ဂလာဥယျာဉ်ကျောင်း)ယခု အ-ထ-က (ခွဲ)(၁၁)သည် ဆရာမ၏ ဖခင်ကျောင်းအုပ်ဆရာကြီး 'ဆရာဦး'၏ ကိုယ်ပိုင်မူလတန်းကျောင်း ဖြစ်ခဲ့သည်။ ကျောင်းအုပ်ဆရာကြီး သမီးပီပီ ဆရာမက နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်သင်း၏ ကျပန်းစကားပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ ဆုတွေ ရခဲ့သူ။ ဆရာမ ကျပန်းစကား ပြောနေသည့် ဓာတ်ပုံကို 'ချစ်တပည့်ခင်ဆွေလှိုင်' သို့ အမှတ်တရ ဟု ရေးကာ လေးတန်းကျောင်းသူ ကျွန်မကို လက်ဆောင်ပေးခဲ့သည်။ ထိုပုံလေးကို နန်းတော်ရှေ့စာကြည့်သင်းကြီး နှစ်(၁၀၀)ပြည့်မဂ္ဂဇင်းမှာ ပေးပို့ကာ အမှတ်တရ ထည့်သွင်းပါရှိခဲ့ခဲ့ဖြင့် ဆရာမကို လက်ဆောင်ပေးချင်နေပြီး ပခုက္ကူဘိုးဘွားရိပ်သာ ဂေဟာမှူးမှတစ်ဆင့် ဖုန်းခေါ်ပေး၍ ဆရာမနှင့် စကားပြောဖြစ်ခဲ့သည်။

'ဆရာမတပည့် ခင်ဆွေလှိုင်ပါ။ ဆရာမကို သတိရလို့ ဖုန်းနံပါတ်ရှာပြီး ဆက်တာပါ ဆရာမ'

'သြော် ... အေး ... အေး ... ဆရာမက အသက် ၉၀ နား နီးပြီဆိုတော့ ... သတိတွေ မေ့မေ့ နေပြီ ...။ အင်း ငါ့သမီးနာမည်လေးကိုတော့ မှတ်မိနေသေးတယ်ကွဲ့ ...'

'ဟုတ်ကဲ့ပါ ဆရာမ ... မန္တလေးက ဆရာမ စားချင်တာတွေနဲ့ လိုအပ်တဲ့ဆေးဝါးရှိရင် အားမနာတမ်း မှာပါဆရာမ ...။ ဆရာမကို ကန်တော့ချင်လို့ပါနော်'

'ဆေးဝါးကတော့ ဒီမှာ ဆရာဝန်လည်းရှိ ... ဆေးတွေလည်းပြည့်စုံပါတယ် မလိုပါဘူး သမီးရယ် ... အင်း ... ဆရာမစားချင်တာက မြင့်မြင့်ခင် ထိုးမုန့်၊ လမုန့်နဲ့ ငှက်ပျောခြောက်ရယ် သရက်ပျဉ်လေးတွေ စားချင်နေတာကြာလှပေါ့ ...'

'ဟုတ်ကဲ့ပါ ဆရာမ... ဇယန်းလက်ဖက်ကောင်းကောင်းလေးနဲ့ နှစ်ပြန်ကြော်စုံပါ ဝယ်ထည့်ပေးလိုက်မယ်လေ ... ဆရာမ လက်ဖက်ကြိုက်တာသတိရလို့ပါ ...'

'အဲ့ဒါတွေက ... အလူရွှင်တွေရှိတိုင်း ... စားရပါတယ်။ အကြော်စုံက ဆရာမသွားတွေက မဝါးနိုင်တော့လို့ ... မပို့နဲ့နော် ...'

'ဟုတ်ကဲ့ပါ... ဆရာမ စားချင်တာတွေအားလုံး အမြန်ချောနဲ့ပို့ပေးမှာမို့ သုံးရက်အတွင်း ရောက်မှာပါ...။ တခြား ဆရာမ လိုအပ်တာတွေရှိရင် သမီးရဲ့ ဒီဖုန်းနံပါတ်လေးကို ဆက်ပြီး မှာပါနော်'

'အေးပါကွယ် ... အေးပါ ... ငါ့သမီးလေး ကျန်းမာချမ်းသာ လိုရာဆန္ဒပြည့်ဝပါစေ ... ခုလို ဆရာမကို သတိတရဆက်တာ ဆရာမ သိပ်ကို ဝမ်းသာတယ် ကျေးဇူးတင်ပါတယ်အေ ... သာခု ... သာခု ... သာခုပါကွယ် ဆွေဝေး၊ မျိုးဝေး ဆရာမ ... အားရှိသွားပြီဟေ့ ...'

'ဟုတ်ကဲ့ပါ ဆရာမ ... ဖုန်းထဲကနေ ဆရာမကို ... ကန်တော့ပါတယ်ရှင့်'

မူလတန်းပညာသင်ကြားပေးသူ ဆရာမ ဒေါ်တင်တင်မွေး စားချင်တာလေးတွေကို အိုးဝေကားဆရာလေးထဲ ဖုန်းဆက်ပြီး ဘူတာကြီးနားက မြင့်မြင့်ခင် ထိုးမုန့်ဆိုင်ကို သွားဝယ်ခိုင်းခဲ့ရာ သရက်ပျဉ်က ရာသီမဟုတ်၍ ဝယ်မရခဲ့။ ဆရာမ စားချင်တာတွေနဲ့အတူ ဓွေရာသီမှာ အေးအေးလူလူဝတ်ဆင်ဖို့ ချည်သားစစ်စစ် ပါတိတ်တစ်ထည်၊ ဆရာမ ဓာတ်ပုံ ပါရှိသည့် နန်းတော်ရှေ့စာကြည့်သင်း ရာပြည့်မဂ္ဂဇင်းကို ချပ်ဘူးနဲ့ ပါဆယ်ထုပ်ကာ အမြန်ချောနှင့် ပို့ပေးခဲ့သည်။ ပါဆယ်ရောက်ပြီးနောက် ပခုက္ကူဘိုးဘွားရိပ်သာ ဝန်ထမ်းဖြစ်သူ အေးသန္တာငြိမ်းမှတစ်ဆင့် ဆရာမနှင့် ဖုန်းပြောခွင့် ရခဲ့သည်။

'မန္တလေးမုန့်တွေ ဆရာမ စားချင်နေတာကြာလှပေါ့ ... ခုမှပဲ ငါ့သမီးလေးကျေးဇူးနဲ့ စားရတော့တယ်။ ပို့လိုက်တဲ့ မုန့်တွေများနေလို့ ... ခုတင်နီးချင်းအဘွားတွေကို မျှဝေကျွေးတော့ သူတို့လည်း အားရဝမ်းသာစားကြပြီး သာခုခေါ်ကြတယ်နော် ... ဆရာမဓာတ်ပုံပါတဲ့ မဂ္ဂဇင်းစာအုပ်ကြီးပြပြီး ကြွားပြီး ပျော်နေမိသေးတယ် ... ဂေဟာမူးကလည်း သဘောတွေကျလို့ ... အင်း အင်း ... နှစ်ပေါင်း ၆၀ ကျော်က ဓာတ်ပုံလေး ကြည့်ပြီး ... ငယ်ဘဝကို လွမ်းပြီး ... တစ်ခဏ ပျော်နေမိတယ် ... တော်လိုက်တဲ့သမီး မမျှော်လင့်ဘဲ ဆရာမ ပျော်အောင် မဂ္ဂဇင်းစာအုပ်ကြီးပါ ထည့်ပေးတာ ကျေးဇူးတင်ပါတယ်အေ ... ' တဲ့။

ဆရာမက ဝမ်းသာလိုက်လဲ့ ကြည်နူးစွာ စကားဆိုခဲ့သည်။ ကျွန်မ၏ မဖြစ်စလောက် စေတနာက ဆရာမအတွက် ကြည်နူးအမှတ်ရစေမှု ကြီးမားပါ ဘိခြင်း။ ကျွန်မ၏ နှလုံးသားမှာလည်း ဆရာမ နှင့်ထပ်တူ ကြည်နူးဝမ်းသာပီတိဖြာခဲ့ရပြီး ကျွန်မတို့ အမျိုးသမီး ပန်းချီဆရာမ ၁၄ ဦး ရန်ကုန်မြို့၊ ဗိုလ်မြတ်ထွန်းလမ်းရှိ Artistic Space Art Gallery တွင် ကျင်းပခဲ့သော တိမ်တောက်ချိန် (၂)ပန်းချီပြပွဲတွင် ကျွန်မ ပန်းချီကားနှစ်ကား ရောင်းခဲ့ရသည်။ ကျွန်မထက် ပန်းချီပညာ အတွေ့အကြုံ သာလွန်ကြွယ်ဝသော ဂန္ဓဝင်ပန်းချီ၊ မော်လ်ဒန်ပန်းချီ၊ နည်းမျိုးစုံလေ့လာရေးဆွဲနေကြသူ ပန်းချီပါရဂူကြီး များဖြစ်သော 77.Gallery ပိုင်ရှင် ပန်းချီဆရာကြီး ဒေါ်မြင့်မြင့်တင်နှင့် ပန်းချီဆရာကြီး ဦးဌေးကိုင်၏ ပထမဆုရရှိခဲ့သူ ပန်းချီဆရာမကြီး မမြင့်ခိုင်တို့က ကျွန်မ၏ ပန်းချီကားလေးများကို နှစ်သက်စွာ ဝယ်ယူခြင်းမြင့်အားပေးခဲ့ကြသည်ဟို့ ကျေးဇူးတင်မဆုံးပါ။

ပန်းချီကားရောင်းရသည့်အခါတိုင်း အလူဒါန တစ်ခုကို အမြဲပြုချင်သူ လူချင်တာတွေကို ရည်စူးပြီး ကုသိုလ်တွေ အမြဲလုပ်ချင်နေသော စိတ်ကူးတွေကြောင့် လက်ကျန်အချိန်နှစ်ပါးပြီဖြစ်သော ကျွန်မ၏ ငယ်ဆရာမ ဒေါ်တင်တင်မွေးထံ ဦးစားပေး ဖုန်းဆက်ပြောဖြစ်ခဲ့သည်။

'ဆရာမရေ ... သက်န်းလူချင်လားဟင်'

'လူချင်တာပေါ့ သမီးရယ် ... ကိုယ်တိုင် ရောက်ချပြီး လူသွားချင်တယ်'

ဆရာမက လူချင်တယ်ဟု မပြော ... လူသွား ချင်တယ်ဆိုတော့ ရင်ထဲမှာစိုးထိတ်သွားမိသည်။

'ဒါဆို ... ဆရာမအတွက် သက်န်းတစ်စုံ ရယ်၊ ဆွမ်းချိုင့်ရယ်၊ နောက်ပြီးတော့ ဘိုးဘွားတွေ အားလုံးအတွက် နံနက်စာ ကြက်သားဆန်ပြုတ် လေးကို ကုသိုလ်ရှင် ဆရာမ ဒေါ်တင်တင်မွေး နာမည်နဲ့ လှူခိုင်းပေးမယ်နော် ဆရာမ'

'အေးကွယ် ... အေးကွယ် ... ဆရာမ ဝမ်းသာလိုက်တာ ... တပည့်တွေအများကြီးထဲမှာ ... ဆရာမကို သတိရတာ ခင်ဆွေလှိုင် တစ်ယောက်ပဲ ရှိပါတယ်အေ...။ ဒါနဲ့ သမီးမောင်လေးရော... နေကောင်းရဲ့လား'

'မောင်လေး သန်းထွန်းက ... မနှစ်က ကိုဇစ်ထဲ ပါသွားတယ် ဆရာမရယ်'

'ဟယ်တော် ... စိတ်မကောင်းလိုက်တာ ... ဒီလောက် လိမ္မာတဲ့ကလေးလေး ... သြော် ... နှမြောလိုက်တာနော် ... ဆရာမအိမ် မိုးမလုံလို့ မိုးရွာတဲ့နေ့ဆို ကောင်းကောင်းမအိပ်ရဘူး ... အဲ့ဒါ သမီးမောင်လေး အလုပ်တိုက်ကို စာရေးအကူအညီ တောင်းပြီး ဆိုက်ကားဆရာနဲ့ စာပို့ခိုင်းလိုက်တာ။ နောက်တစ်နေ့ သူ့တပည့်နဲ့ လက်သမားဆရာ လွှတ်ပြီး အမိုး မိုးပေးရဲ့ မကဘူး သမီးရယ် လိုအပ်တာတွေပါ အားလုံးပြင်ပေးရုံမက ဆရာမ လိုရာသုံးဖို့ ငွေပါကန်တော့ရှာတာ...။ သမီးမောင်လေး ကျေးဇူးကြောင့် မိုးလုံလုံနဲ့ စိတ်ချမ်းချမ်းသာသာ နေခဲ့ရတာ မမေ့ပါဘူးကွယ်။ ဆရာမ ဘုရားကန်တော့ပြီးတိုင်း မောင်သန်းထွန်းကို ရည်စူးအမျှဝေပေးမယ်နော်'

'ဟုတ်ကဲ့ပါ ဆရာမ ... တစ်ဦးက စေတနာတစ်ဦးက မေတ္တာပေါ့နော် ...။ ဆရာမက သမီးတို့မောင်နမ လေးတန်းစကောလားရှစ် ဖြေနိုင်အောင် ညတိုင်း ဆရာမအိမ်ခေါ်ပြီး အခမဲ့သင်ပေးတဲ့ကျေးဇူးက ပိုကြီးပါတယ် ... ဆရာမ ခုလို လူချင်တာလေး ... ဆွမ်း ... သင်္ကန်း လူခွင့် ပြုပေးရလို့ သမီးတို့က ဆရာမကို ပိုပြီး ကျေးဇူးတင်ပါတယ်။'

ဒီတစ်ခါမှာတော့ အမြန်ဆုံးနဲ့ အဆင်ပြေပြေ ဆရာမ လူနိုင်အောင်လို့ ပခုက္ကူဘိုးဘွားရိပ်သာ ရုံးဝန်ထမ်းဖြစ်သူ အေးသန္တာငြိမ်းကို အကူအညီ တောင်းရပါတော့တယ်။ ဆရာမ ဒေါ်တင်တင်မွေး အတွက် ဘုန်းကြီးတစ်ပါးပင့်ပြီး သင်္ကန်းနဲ့ ဆွမ်းချိုင့်အတွက် ငွေကျပ် ငါးသောင်း၊ ဆရာမစားချင်တာလေးတွေ စိတ်ရှည်ရှည်နဲ့ ဝယ်ကျေးဖို့ ငွေကျပ်လေးသောင်း၊ အေးသန္တာငြိမ်းအတွက် အကျိုးဆောင်ပေးဖို့ ဆိုင်ကယ်ဆီဖိုး ငွေကျပ်တစ်သောင်း၊ ဘိုးဘွားတွေ နံနက်ခင်း ကြက်သားဆန်ပြုတ် အာဟာရဒါနကုသိုလ်ရှင် ဆရာမကြီး ဒေါ်တင်တင်မွေး နာမည်နဲ့ လှူပေးဖို့ ငွေကျပ်သုံးသောင်း၊ ကုန်ကျငွေကျပ် တစ်သိန်းသုံးသောင်းကို အေးသန္တာငြိမ်းထဲ လွှဲအပ်ပေးပို့ပြီး အကူအညီ တောင်းခဲ့သဖြင့် အစစ အရာရာ အဆင်ပြေချောမွေ့ခဲ့သည်။ ကျွန်မ၏ ကျေးဇူးရှင် အသက် ၉၀ နားနီး ဘိုးတီးမစွမ်းသော မူလတန်းပြဆရာမကြီး ဒေါ်တင်တင်မွေးက ဆရာတော်ထဲ သင်္ကန်းဆက်ကပ်လှူနေပုံ၊ ဆွမ်းချိုင့်လှူနေပုံ၊ ရေစက်ခွက်လေးကိုင်ကာ ရေစက်ချလှူဒါန်းနေသည့် ပုံလေးတွေ။ ဆရာမ၏ ပိန်လှီသေးကွေးသော ပါးလှပ်လှပ် ခန္ဓာကိုယ်လေးနှင့် ရိုကျိုးစွာ ကျုံကျုံလေးထိုင်လျက် ရေစက်ခွက်လေးနှင့် ဖြည်းလေးစွာ ရေစက်ချနေပုံ၏ ဘေးတွင် 'ပခုက္ကူ ဘိုးဘွားရိပ်သာ'ဟု ရေးထိုးထားသော အမှီရောင်အောက်ခံ အဝါရောင်စာလုံးနှင့် ဆိုင်းဘုတ်ကြီး။ ထိုဘေးတွင် ဘိုးဘွားရိပ်သာများ စတင်တည်ထောင်ခဲ့သူ ဘွားသုမာလာ(ခေါ်) ပရဟိတမိခင်ကြီး အာဇာနည် ဘွားဦးဇွန်း၏ ဓာတ်ပုံကြီးကို အတူယှဉ်တွဲလျက် ကျွန်မ၏ဖုန်းထဲမှာ တွေ့မြင်ရသည့် တစ်ခဏ မဖြစ်စလောက် ကျေးဇူးတုံ့ပြန်ဆပ်နိုင်သည့် ကုသိုလ်ကြောင့် ကြည်နူးပီတိတွေ ဖြာဝေကာ ကျွန်မ၏စိတ်အစဉ်မှာ ရင်ခုန်လှုပ်ရှားစွာ တငြိမ့်ငြိမ့် တသိမ့်သိမ့်နှင့် ... ကြီးမားကျယ်ပြန့်သော ... အေးငြိမ်းသည့် သန္တိသုခပီတိ မိုးကောင်းကင်ကြီး ဖြစ်တည်သွားတော့သည်။

ခင်ဆွေလှိုင်(ပန်းချီ)

ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ



မန္တလေး အောက်တိုဘာ ၂၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖြစ်သူ အများပြည်သူများအနေဖြင့် မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပြည်သူ့စကားဝိုင်းကို ချမ်းအေးသာစံမြို့နယ်၊ ဟမာဇလရပ်ကွက်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားဝင်းအတွင်း၌ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်း ကျင်းပခဲ့ရာ အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်ဦးကိုကိုထွေး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်ဝေဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်၊ မြို့တော်စည်ပင်သာယာရေးကော်မတီအုပ်ချုပ်ရေးမှူးဦးထက်အောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒီဇိုင်မြတ်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦးတို့က 'ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) ချမ်းမြေမောင်
(ပြန်/ဆက်)

လူထုအခြေပြုပဟိုဌာန(Community Centre)ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပ



ကျောက်မဲ အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုပဟိုဌာန (Community Centre)ခန်းမ၌ စာပေချစ်မြတ်နိုးသူများအသင်း(Book Club)၏ စာဖတ်ဝိုင်းကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထားထားလိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စာဖတ်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် Book Club အဖွဲ့ဝင် ဆရာမဒေါ်နန်းရွှေအုံနှင့် ဆရာမဒေါ်ညီညီစိန်တို့က စာရေးဆရာချစ်စဝင်းနှင့် စာရေးဆရာ လမင်းအိမ်တို့ ရေးသားထားသည့် နှလုံးသားသတ္တိ စာအုပ်ပါအကြောင်း အရာများကို အသီးသီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စာဖတ်ဝိုင်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများနှင့် စာပေချစ်မြတ်နိုးသူများ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ကြသည်။ ကျောက်မဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ စာဖတ်ရှုနိုင်မှုတိုးရေး၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရေးနှင့် အထွေးအခေါ်ဖလှယ်နိုင်ရေးတို့အတွက် စာပေချစ်မြတ်နိုးသူများအသင်း (Book Club)နှင့် ပူးပေါင်း၍ စာဖတ်ဝိုင်းများကို လစဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)
မြို့နယ်(ပြန်/ဆက်)



စားသုံးသူ ကာကွယ်ရေးအကြောင်း အသိပညာပေး Talk Show ကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူ ကာကွယ်ရေး အသိပညာပေး Talk Show ကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုပဟိုဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မေသက်နွယ်က စားသုံးသူကာကွယ်ရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူ ကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းခဲ့မှု၊ စီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပာယ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်ဝတ္တရားများ၊ စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်၍ သတ်မှတ်စည်းကမ်းနှင့် လုပ်ငန်းတာဝန်များကို ဖောက်ဖျက်ပါက စားသုံးသူကာကွယ်ရေး ဥပဒေအရ အရေးယူနိုင်မှု အခြေအနေများကို မေးမြန်းရာ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက မေးမြန်းချက်များအပေါ် တစ်ချက်ချင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ စားသုံးသူကာကွယ်ရေး အသိပညာပေး Talk Show အစီအစဉ်ကို အများပြည်သူလေ့လာသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန MOI Website၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန facebook page၊ Telegram နှင့် TikTok Channel တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
(၄၅၆)





ဆီမီးရောင်ဖြာ ဝါကျွတ်ခါ

* ဝသန်ခိုန်ခါ၊ သုံးလ "ဝါ" တွင်
လူရွာဒေသ၊ နေထိုင်ကြသည့်
ဓမ္မဆွေသား။ သူတော်များသည်
ကျင့်ဖွားအင့္ဂ၊ မြတ်သီလကို
နေ့ည မခြား။ လွန်ကြိုးစား၏ ။
* ဗုဒ္ဓမြတ်စွာ၊ ခုနစ်ဝါတွင်
ဒေဝါနတ်နန်း၊ ကြွချီလှမ်း၍
ကျွတ်တမ်းရည်မြော်၊ မွေးမယ်တော်ကို
ဟောဖော်မြွက်ဟ၊ အဘိဓမ္မာကြောင့်
များစွ နတ်ပြဟ္မာ၊ ကျွတ်တမ်းဖြာ၏ ။
* နတ်တို့ပြည်ရွာ၊ ဝတီသာမ
လူရွာဌာန၊ ပြန်၍ကြွလာ
ဝါမုကင်းလွတ်၊ သီတင်းကျွတ်၏
ပြည့်လွတ်သာယာ၊ ညချမ်းခါ၌
ထိန်ဝါဝင်းလျှံ၊ နတ်များရံလျက်
စင်္ကြံသုံးသွယ်၊ ဆန်းတကြယ်ဖြင့်
အံ့ဖွယ်မခန်း၊ ကြွချီလှမ်းသည်
လူနန်းဌာနီ၊ သက်သနဂိုရ်ပြည် ။
* ဗုဒ္ဓကြွလာ၊ ညချမ်းခါမို့
ထိန်ဝါဆီမီး၊ ထွန်းညှိပြီးလျှင်
ပန်းစည်း ပန်းခိုင်၊ အဖြိုင်ဖြိုင်ဖြင့်
မွှေးကြိုင်လန်းဆန်း၊ ဦးထိပ်တန်းကာ
ဆယ်ပန်းလက်စုံ၊ ထိပ်ဝယ်လှုံပြီး
နှစ်ဖုံ ခြေဦး၊ ဆံနဖူးဖြင့်
ရှိုင်မြူး ဖူးမြော်၊ မြတ်ရှင်တော်ကို
ပူဇော်ပါကြ ဝါကျွတ်လ။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)

အကြိမ်(၃၀)မြောက်အဖြစ် ဆီမီးကိုးထောင်ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပမည်



မန္တလေး အောက်တိုဘာ ၂၄

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ရွာတောလေးကျေးရွာအနီးရှိ မဟာမဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားပူဇော်ထားသော ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတီယဉ်တော်မြတ်စေတီတော်(မန္တလေး)၌ အကြိမ်(၃၀)မြောက်အဖြစ် ဆီမီးကိုးထောင်ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို အောက်တိုဘာ ၂၅ ရက် နှင့် ၂၆ ရက် များတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ သီတင်းကျွတ်ပွဲတော် ကျင်းပရာတွင် ၄င်းစွယ်တော်မြတ် စေတီတော်၌ခမ္မစကြာရွတ်ဖတ်ခြင်းများ ဆီမီးထွန်းပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဆွမ်းလောင်းလှည့်လည်ပူဇော်ခြင်း ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(၀၆)

စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)

--*-*

--*-*-*-*



မန္တလေး၊ အောင်မြေသာစံမြို့နယ် ရွှေကျီးမြင်မြတ်စွာဘုရားတွင် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ၀၊တွင်းပင်မသီလပွဲကုသိုလ်ရှင်များဖြစ်ကြသော ဦးခင်မောင်လှ+ဒေါ်လေးလေးမင်း၊ (သား)မောင်တင့်ဝေယံမင်း(ရွှေနယား ရောင်းဝယ်ရေး) မိသားစု မန္တလေးမြို့မှ ဘက်စုံပြုပြင်ရန် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့က လက်ခံရယူစဉ်။ (ကဆ)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့၊ ၈၉လမ်း၊ ၁၇လမ်းနှင့်၁၈လမ်းကြားနေ အလှူရှင် ဦးဘကွန့် မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဆွမ်းကွမ်း အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။ (ကဆ)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ အောက်တိုဘာ ၂၂ ရက်က မန္တလေး၊ မဟာမြိုင်(၁)ရပ်ကွက်နေ ဦးကျော်ကျော်စိုး+ဒေါ်ခင်အေးအေးဆွန်၊ (သား) ကိုဖြိုးသန်ထွန်း မိသားစုက ကိုဖြိုးသန်ထွန်း (၂၂)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ကျန်းမာရေးနှင့် ဘက်စုံသုံးရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကဆ)

သာသနာ့နွယ်ဝင် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်

မိုင်းကိုင် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ သာသနာ့နွယ်ဝင် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များကို UID ကတ်များ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၉ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မိုင်းကိုင်မြို့နယ်၊ အမှတ်-၄ ရပ်ကွက်ရှိ မချိမာရာမကျောင်းကန်ပရိယတ္တိစာသင်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မိုင်းကိုင်မြို့နယ် ဦးစီးမှူး ဦးဇော်လင်းနှင့် ရုံးဝန်ထမ်းများကသာသနာ့နွယ်ဝင် စီစစ်ရေးကတ်ကိုင်ဆောင်ထားပြီး အချက်အလက်ပြည့်စုံသည့် ရဟန်း၊သာမဏေ၊ သီလရှင်များကို ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ e-ID စနစ်ဖြင့် Biographic(ကိုယ်ရေးအတ္ထုပ္ပတ္တိ)Biometric(လက်ဗွေရာ၊ မျက်နှာသွင်ပြင်နှင့် မျက်လုံး Scan)အမှတ်အသားစနစ်များကောက်ယူကာ ကတ်များပြုလုပ်ပေးခြင်း ဖြစ်သည်။



အဆိုပါ UID ကတ်ပြုလုပ်ပေးခြင်းသည် နိုင်ငံခြားထွက်ခွာရန် နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးသည် မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်၊ သံဃာတော်များ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့ပေါ်ရှိ ရဟန်း၊ ရှင်သာမဏေများစွာရှိသော စာသင်တိုက်ကြီးများတွင် စုရုပ်ထားကာ UID ကတ်များကို ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၆)

မြို့နယ်(ပြန်/ဆက်)

--*-*-*

--*-*-*-*-*

(၁၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဝက်ပါဘုရားမီးထွန်းပွဲတော် ဖွင့်ပွဲကျင်းပ

မိုင်းဖြတ် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် (၁၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဝက်ပါဘုရားမီးထွန်းပွဲတော်ဖွင့်ပွဲကို အောက်တိုဘာလ ၂၁ ရက်က ကွက်သစ်ရပ်ကွက်၊ စိတ္တသုခကျောင်းတိုက်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အလှူရှင်များက ၂၈ ဆူသော ဘုရားရှင်တို့အား ဝက်ပါအတွင်းသို့ ပင့်ဆောင်ခဲ့ကြသည်။ ထို့နောက် ဖွင့်ပွဲအခမ်းအနားကို စိတ္တသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မဝံသ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဦးလှမိုး၊ သုမင်္ဂမဇာဇောတရရ ဦးထွန်းရွှေနှင့် တာဝန်ရှိသူများက ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။

ထို့နောက် ပွဲတော်သို့လာရောက်ကြသည့် မိဘပြည်သူများက ဝက်ပါအတွင်း ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ လှည့်လည်ခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။ အဆိုပါ ပွဲတော်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

ရွှေကို(မိုင်းဖြတ်)



> မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည့် လှူဒါန်း။

မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

မန္တလေး အောက်တိုဘာ ၂၄

မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီက ဌာနအသီးသီးမှ တင်ပြလာသော ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသော ဆရာကြီး၊ ဆရာမကြီးများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ကူညီလျက်ရှိရာ အောက်တိုဘာ ၂၀ ရက်က ပုသိမ်ကြီးမြို့နယ်တွင် နေထိုင်သော ကန်တော့ခံဆရာမကြီး ဒေါ်ကြည်ကြည်သိန်းသည် မျက်စိအတွင်း တိမ်ဖြစ်၍ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့ရသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေကျပ် ငါးသိန်းအား နေအိမ်သို့ သွားရောက်ပေးအပ်ပြီး ကျန်းမာရေး အခြေအနေများ မေးမြန်းပြီး အားပေးစကားပြောကြားခဲ့သည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့် ရှောက်မှုကော်မတီမှ အနေဖြင့် အဖွဲ့တည်ထောင်သော ၂၀၁၉ ခုနှစ်၊ မေ ၂၃ ရက်မှ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက် အထိ ဆရာကြီး၊ ဆရာမကြီး ၄၂၇ ဦးအား ကျန်းမာရေးထောက်ပံ့ငွေကျပ် ၁၀၁၀ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(၀၆)

(ကဆ)



ကျွန်းလှမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျွန်းလှ အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ မြို့မရဲဦးဘုန်းတော်ကြီးကျောင်းတို့ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင် ကြီးကြပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၆၉ ဦးဖြင့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး ရင်ပြင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း အမှိုက်များ၊ မြက်ရိုင်းများ၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၀၀)

နမ်ပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ စတင်ဆွေး

ပူတာအို အောက်တိုဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ်ပါကျေးရွာ၌ အဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှုအား အောက်တိုဘာ ၂၃ ရက်နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်နှင့် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ နမ်ပါကျေးရွာ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်စသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ မြေပြင်တွင် စနစ်တကျ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျ ရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များ အတိုင်းဆောင်ရွက်ထားမှု ရှိ၊ မရှိအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နမ်ပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၅ဦးအား ချေးငွေကျပ် ၁၁၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးအား ချေးငွေကျပ် ၂၇၅ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၈ ဦးအား ချေးငွေကျပ် ၉၆ သိန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၁ ဦးအတွက် ချေးငွေကျပ် ၁၅ သိန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၉ ဦးတို့အတွက် ချေးငွေကျပ် သိန်း ၅၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်ထံက သိရသည်။

(အောက်ပုံ)



ချစ်ဦးကို

သက်ကြီးဘိုးဘွားများအား ထောက်ပံ့လှူဒါန်း

စစ်ကိုင်း အောက်တိုဘာ ၂၄

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ကြီးဘိုးဘွားများအား ထောက်ပံ့လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ ရွာထောင်ဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အဘိုး၊ အဘွားများအား ကန်တော့ကြပြီး စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်းနှင့်ဇနီး ဒေါ်သွဲ့ဝေလွင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့် ဇနီး၊ အရာထမ်း၊ အမှုထမ်းများက အဘိုး၊ အဘွားများအား အလှူငွေနှင့် လူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းကြသည်။

ထို့နောက် ကန်တော့ခံအဘိုး၊ အဘွားများက ဆုတောင်းမေတ္တာပို့သပေးခဲ့ကြပြီး အဘိုး၊ အဘွားများအား နံနက်စာလှူဒါန်းကျွေးမွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

နေလင်းအောင်(မြန်/ဆက်)



ဘဲဆိပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းနေမှု စစ်ဆေး

ရေနံချောင်း အောက်တိုဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု၊ ဘဲဆိပ်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပုံပိုးငွေ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းနေမှုများကို အောက်တိုဘာ ၂၂ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘဲဆိပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဘဲဆိပ်ကျေးရွာ၌ အရည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပုံပိုးငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၅သန်း၊ စုစုပေါင်း ငွေကျပ် သန်း ၆၀ အသုံးပြုကာ ဌာနမှ အဆီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) နော်လူး



တစ်အိမ်တက်ဆင်းမီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

အမရပူရ အောက်တိုဘာ ၂၄

မန္တလေး၊ အမရပူရမြို့နယ်အတွင်း ပွင့်လင်းရာသီနှင့်အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်နှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးတို့ကို ရည်ရွယ်၍ အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် အောက်တိုဘာ ၂၂ရက် နံနက်စနာရီက အမရပူရမြို့နယ်၊ ရှားတောလေးကျေးရွာ၌ တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့ခိုင်

--*-*-*-*-*

အယ်လ်နီညိုအပူဒဏ်ကာကွယ်နိုင်စေရန် ကြိုတင်ပြင်ဆင်ထားရှိ

မန္တလေး အောက်တိုဘာ ၂၄

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်ကြို တင်ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား တာဝန်ရှိသူများက အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

မဟာအောင်မြေမြို့အတွင်း ရပ်ကွက်များရှိ ဓမ္မာရုံများတွင် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိရာတွင် အပူရှောင်စခန်းတစ်ခုစီတွင် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ပစ္စည်းများ၊ လေယန္တရားများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက စီမံထားရှိပြီး အယ်လ်နီညို အပူဒဏ်ခံစားရသည့် လူနာများရောက်ရှိလာပါက အထူးစီစဉ် ဖွင့်လှစ်ထားသည့် လူနာဆောင်များ၊ လိုအပ်သည့် ဆေးဝါးများရရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များအား ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၅၆)





အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပ

အမရပူရ အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်ကင်းဘေးမှ ကင်းဝေးစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ရွှေလင်းပင်-မဏိဇောတမ္မရိပ်သာ၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ခဲ့ပြီး မင်္ဂလာတိုက်ဆရာတော် ဦးဒီပပါလက ရောင်ခြည်တော်ဖွင့် ဂါထာဖြင့် ဘုရားပင့်၍ လည်းကောင်း၊ တိုင်းသံဃာဝန်ဆောင်ဆရာတော် ဦးအဂ္ဂဉာဏထံမှ ဧည့်ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြသည်။

ထို့နောက် နန်းတော်ရာ ဓမ္မစကြာဝတ်အသင်းမှ ပဋ္ဌာန်းရွတ်လုံးဖွဲ့ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်၍လည်းကောင်း၊ ဆင်ဖြူမယ် ဆရာတော်ဦးပညာသိဒ္ဓက နတ်ဗြဟ္မာများအား ပင့်ဖိတ်၍လည်းကောင်း၊ ရတနာမဏ္ဍိဆရာတော်ဦးပညာသာမိက ပဋ္ဌာန်းတရားရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းနှိုးဆော်လွှာဖတ်ကြားပြီး သံဃာတော်များနှင့် ပဋ္ဌာန်းဒါယကာ၊ ဒါယိကာမအပေါင်းတို့က ပစ္စယုဒ္ဒေသ ပါဠိတော်ကို သံပြိုင် ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

လဲ့လဲ့မိုင်(အမရပူရ)

o-o-o-o-o-o-o

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

မိုင်းဖြတ် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက မိုင်းဖြတ်-ပါညြလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့သို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးလှမျိုးနှင့်အဖွဲ့ဝင်များက မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၂ ဒသမ ၀၀ သန်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်သည့် မိုင်းဖြတ်-ပါညြလမ်း ကွန်ကရစ်ခင်းခြင်း (၀ ဒသမ ၂၆၂ km - ၃ ဒသမ ၆၆m-၁၇၅mm)အထိ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှဦးစီးအရာရှိ (မြို့ပြ)ဒေါ်စိမ်းစိုစိုဝေက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးလမ်းညွှန်မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

သန်းထွန်းအေး(မိုင်းဖြတ်)



တံတားနှင့်လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန်သစ်ပင်ရုံမှ သဏ္ဌာန်လှပ ပန်ရလိမ့် ။

မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများအား ချေးငွေများ ပေးအပ်

မင်းဘူး အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် စိုက်ပျိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် ဒေသခံတောင်သူများအတွက် ချေးငွေများ ပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဦးက အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဟိုက မြို့နယ်အတွင်းရှိ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများကို သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ချေးပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ချေးငွေများ ပေးအပ်ခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် စိုက်ပျိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေဖြင့် မင်းဘူး(စကု)မြို့နယ်ရှိ ကျောက်တန်း၊ ကန်ရေ၊ ရွာပုလဲ၊ မင်းလှကျင်းနှင့် သီးကုန်ကျေးရွာအုပ်စုများမှ မိုးနှောင်း ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် ဒေသခံတောင်သူ စုစုပေါင်း ၁၀၉ ဦး၏ စိုက်ပျိုးမြေ ၃၈၅ ဧကအတွက် တစ်ဧကလျှင် ချေးငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ချေးငွေကျပ် ၁၁၅၅ သိန်းအား ချေးငွေကာလ ခုနှစ်လစာအတွက် အတိုးနှုန်းကို တစ်ရာခိုင်နှုန်း သတ်မှတ်ပြီး သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း၊ မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ်စိုက်ပျိုးရာသီတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါသီးနှံကို ဧကပေါင်း ၃၅၂၇ ဧကအထိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

မောင်မောင်(မင်းဘူး)

o-o-o-o-o-o-o



အသက်(၂)နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်း ဆောင်ရွက်

ကာမိုင်း အောက်တိုဘာ ၂၄

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အသက်(၂)နှစ်အောက် ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား



လစဉ်ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကာမိုင်းတိုက်နယ်ကျန်းမာရေးဌာနခွဲ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆေးထိုးနံ့ရာတွင် ကာမိုင်းမြို့ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်၊ ကျေးရွာရှိ မွေးကင်းစမှအသက်(၂)နှစ်အောက် ကလေးငယ်များအား ဘီစီဂျီ၊ ပိုလီယိုကာကွယ်ဆေး၊ ပျံရာသီတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါသီးနှံကို ဧကပေါင်း ၃၅၂၇ ဧကအထိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

ကာမိုင်း(ပြန်/ဆက်)

o-o-o-o-o-o-o

စုပေါင်းသွေးလှူဒါန်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၄

(၃၈)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဝန်ထမ်း ကျား နှစ်ဦး၊ မ နှစ်ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ရွှေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မြင့်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး အဟာရဖြည့်ဖွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် မြို့နယ်ရုံးနှင့်တွဲဖက်ဝန်ထမ်း စုစုပေါင်း ၃၈ ဦးတို့သည် ဘူတာရုံကွက်ရှိ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးဝင်းအတွင်း ပေါင်းမြက်အမှိုက်များ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၄၅၆)**



အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရိပ်ရပ်ကွက်၊ အကွက်အမှတ်(၈၃၅)၊ ဦးပိုင်အမှတ်(၂၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁၄)ကေ အကျယ်အဝန်းရှိ ဒေါ်သန်းသန်းနွယ်(ခ)သန်းသန်းနွဲ့ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ် (၂)ထပ်အဆောက်အဦး၊ လျှပ်စစ်မီတာ၊ အိမ်စိတွင်း အပါအဝင် ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်သူသူထွေး (ဘ)ဦးဇိုလိမိုလ်(၉/မဟမ(နိုင်)၀၂၂၂၁၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဒေါ်တင်နီလာဝင်း

တရားလွှတ်တော်ရှေ့နေ

ဦးကျော်လှိုင်ဝင်း ဒေါ်စီစီမိန် ဒေါ်လှဲလွဲနွယ် ဒေါ်မိမိကျော်

(တရားလွှတ်တော်ရှေ့နေများ)

အကွက်(ယ–၆/ ၂၂)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဃုံသွယ်ရပ်ကွက်၊ အကွက်(၇၃၁)၊ ဦးပိုင်အမှတ်(၂-၆)၊ ဧရိယာ တောင်မြောက် ပေ(၇၀)၊ အရှေ့အနောက် ပေ(၄၀)အကျယ်အဝန်းရှိ မြေကွက်သည် ရောင်းချသူ ဦးတင်ကိုကိုကြီး အမည်ပေါက်သော ဘိုးဘဝိုင်းမြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ မိမိလက်ရှိနေထိုင်ပိုင်ဆိုင်ပါကြောင်း၊ ဝန်ခံကတိပြုသူဖြစ်သော ရောင်းချရန်ကတိပြုသူဖြစ်သည့် ဦးတင်ကိုကိုကြီး (ဘ)ဦးကိုကိုကြီး(၉/မနတ(နိုင်)၀၃၃၀၆၃)ထံမှ အဆိုပါ ဘိုးဘဝိုင်းမြေကွက်နှင့် မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည်နှံနိုင်မာသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်နိုင်သုစောလင်း LL.B

တရားလွှတ်တော်ရှေ့နေ

ဒေါ်ခင်နိုးဝင်း	ဒေါ်ခင်မာနိုး	ဒေါ်သူစောကျော်	ဒေါ်ဆိုဆိုနိုင်
LL.B	LL.B	LL.B	LL.B

အထက်တန်းရှေ့နေများ

' ဦးစီးရုံး ' ဥပဒေဝန်ဆောင်မှုလုပ်ငန်း

၃၅လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၂၂၄၄၅၅၊ ၀၉–၈၉၂၃၄၄၅၅

ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၁၀-၂၀၂၆)ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ (၂၀)ပါ ကြော်ငြာစာ(အိမ်ဆောက်မိန့်)တွင် ဒေါ်ဆုပြည့်ကျော်။ ဦးပိုင်အမှတ်(၁၇-က)အစား ဦးပိုင်အမှတ်(၁၆-က+၁၇-က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၁၀-၂၀၂၆)ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ (၂၀)ပါ ကြော်ငြာစာ(အိမ်ဆောက်မိန့်)တွင် ဒေါ်ခင်ပိုင်း၊ ဦးပိုင်အမှတ်(၇-က)အစား ဦးပိုင်အမှတ်(၇-က+၇-ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၉)၊ ဦးပိုင်အမှတ်(၆၁) မြေကွက်ပေါ်တွင် ဒေါ်နိုင်ဇိမ်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၀၇၇၇၆)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၁၁)၊ ဦးပိုင်အမှတ်(၃)၊ မြေကွက်ပေါ်တွင် ဒေါ်တင်ချုပ် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၈/ပကခ(နိုင်)၀၇၁၄၀၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၀)၊ ဦးပိုင်အမှတ်(၁၉-ခ၈င်း) မြေကွက်ပေါ်တွင် ဦးသော်ဇင်လင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၁၇၄၀၆၃)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၇)၊ ဦးပိုင်အမှတ်(၃၆-က) မြေကွက်ပေါ်တွင် ဦးကျော်ထွန်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ကဆန(နိုင်)၀၀၁၇၈၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၂၉၇) မြေကွက်ပေါ်တွင် ဦးစိန်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ရဘန(နိုင်)၀၈၂၄၆၁)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၉၈)၊ ဦးပိုင်အမှတ်(၂၀) မြေကွက်ပေါ်တွင် ဦးရိုက်ဂျွန်ဆင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၃၃၅၁၆)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၃၆)၊ ဦးပိုင်အမှတ်(၂) မြေကွက်ပေါ်တွင် ဦးထွန်းမောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၄၂၄၀၄)က SS (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၅)၊ ဦးပိုင်အမှတ်(၂၆-က) မြေကွက်ပေါ်တွင် ဒေါ်နိုင်ဇိမ်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၀၇၇၇၆)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၈)၊ ဦးပိုင်အမှတ်(၄-ခ) မြေကွက်ပေါ်တွင် ဒေါ်မြင့်မြင့်နွယ်(ပါ-၉) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဓ(နိုင်)၀၆၄၀၇၄)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၁၁)၊ ဦးပိုင်အမှတ်(၁၃-က)မြေကွက်ပေါ်တွင် ဒေါ်သိမ့်မြတ်ရည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဓ(နိုင်)၀၀၃၆၄၅)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၁၉၉) မြေကွက်ပေါ်တွင် ဒေါ်အိသန္တာဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၈၁၈၇၁)က RC (၄)ထပ် လုံးချင်းအိမ်ရာ (၆)လုံး အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၁)၊ ဦးပိုင်အမှတ်(၃-၆၈င်း) မြေကွက်ပေါ်တွင် ဒေါ်ခိုင်ဝါ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဝမန(နိုင်)၀၃၉၉၁၆)က SS (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၆)၊ ဦးပိုင်အမှတ်(၂) မြေကွက်ပေါ်တွင် ဦးစိန်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ရဘန(နိုင်)၀၈၂၄၆၁)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

အများသိစေရန် ကြေညာခြင်း

